# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်ထူထောင်သည် Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 26 October 2017 (၉၀၈၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ထိုင်းဘုရင်၏ တော်ဝင်ဈာပန အခမ်းအနား တက်ရောက်ရန် ဗန်ကောက်မြို့သို့ ရောက်ရှိ

**ဗန်ကောက် အောက်တိုဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ တာဝန်ရှိသူများနှင့်အတူ နတ်ရွာစံထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# ဘင်္ဂလားဒေ့ရှ်ဘက်သို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား ပြန်လည်စိစစ်လက်ခံရေးကိစ္စရပ်များ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး H.E. Mr. Asaduzzaman နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိမ်နီးချင်း နှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ချစ်ကြည်ရင်းနှီးစွာနှင့် အတူတကွ ဖြေရှင်းသွားနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား ပြန်လည်စိစစ်လက်ခံရေးနှင့် ပတ်သက်၍ နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**


**မီဒီယာလွတ်လပ်ခွင့်ကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရမှ IT နည်းပညာအလွဲသုံးစွဲမှုများကို စောင့်ကြည့်ပေးရန် ဆွေးနွေး**

စာမျက်နှာ - ၄

**ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန် ဆိပ်ကမ်းများတွင် စစ်ဆေးပြီးမှသာ ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း**

စာမျက်နှာ - ၅

**ရခိုင်ပြည်နယ်သတင်းများ**

စာမျက်နှာ - ၁၀၊ ၁၁





ကြေးမုံ

# ညှိနှိုင်းမှုမှုလွဲ၍ အခြားမရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအဆင့်အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေး၏ရလဒ်များအဖြစ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များ ရရှိခဲ့ပါသည်။

အဆိုပါ သဘောတူညီချက်များမှာ နှစ်နိုင်ငံနယ်စပ်ဒေသတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ဖွင့်လှစ်ခြင်း၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ လူဝင်၊ လူထွက်မှုများစိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်လက်ခံမှုများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စသည့်ကဏ္ဍတို့တွင် အဆင့်လိုက် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား နိုင်ငံသားစိစစ်မှုများ ပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးတို့ ပါဝင်ပါသည်။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ကိစ္စရပ်များတို့ရှိနေသော်လည်း ညှိနှိုင်းဆွေးနွေး လက်တွဲဆောင်ရွက်သွားမည်ဟူသော သဘောထားသည်ကြိုဆိုရ မည့် သဘောထားဖြစ်ပြီး မိတ်ဆွေနိုင်ငံတို့ကြား၌ မဖြစ်မနေထားရှိရမည့် သဘောထားဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် ပေါ်ပေါက်ခဲ့သည့် လိုအပ်ချက်များနှင့်ပတ်သက်၍ ကနေဒါနိုင်ငံအနေဖြင့် အကောင်းဆုံးပံ့ပိုးကူညီနိုင်သည့် နည်းလမ်းတို့ကို ညှိနှိုင်းရှာဖွေနိုင်ရေးအတွက် ကနေဒါနိုင်ငံဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးက မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ခဲ့ပါသည်။ကနေဒါနိုင်ငံသည် ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတို့ကို ပေးအပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ထောက်ပံ့ထားပြီးဖြစ်သည်ဟုလည်း သိရှိရပါသည်။ ကနေဒါနိုင်ငံသည်မြန်မာနိုင်ငံနှင့်မိုင်ပေါင်းများစွာ ကွာဝေးသော်လည်း မိတ်ဆွေနိုင်ငံတစ်နိုင်ငံအနေဖြင့် အပြုသဘောဖြစ်ပေါ် တိုးတက်မှုများ ဖြစ်ပေါ်ရန် ကြိုးပမ်းခဲ့မှုအပေါ် ကြိုဆိုအပ်ပါသည်။

တစ်ချိန်တည်းမှာပင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီတို့ကို မှန်ကန်မျှတစွာ ပေးအပ်နိုင်ရန် တပ်မတော်က ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။ သို့သော်လူသားချင်းစာနာထောက်ထားမှုအကူအညီတို့ လိုအပ်လျက်ရှိသောအခြေအနေ၏နောက်ကွယ်၌ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့ထိခိုက်လာနိုင်သည့် အန္တရာယ်တို့ရှိနေသည်ဟု တပ်မတော်က ခံယူရှုမြင်ထားပါသည်။ နိုင်ငံတကာ တုံ့ပြန်ချက်တို့အနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည်မှာ တပ်မတော်၏ ခံယူရှုမြင်မှုတို့သည် တရားမျှတမှန်ကန်မှုရှိသည်၊ မရှိသည်ကိုညှိနှိုင်းဆွေးနွေးမှုဖြင့် သုံးသပ်ရန်သာဖြစ်ပါသည်။ သို့သော် အမေရိကန်နိုင်ငံက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တပ်မတော်အပေါ် အရေးယူမှု တချို့ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဤအရေးယူမှုတို့သည် ရခိုင်ပြည်နယ်အရေးဖြေရှင်းနိုင်ရေးအတွက် တစ်စုံတစ်ရာ ပံ့ပိုးကူညီပေးနိုင်မည်မဟုတ်ပါ။ ရခိုင်ပြည်နယ်အရေးဖြေရှင်းနိုင်ရေးအတွက် လိုအပ်နေသည်မှာ ပကတိအခြေအနေတို့ကို မှန်မှန်ကန်ကန်နားလည်နိုင်ရန် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုတို့နှင့်အတူ ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီရန်သာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# သားဖွားဆရာမများ ပြုစုရမည့် အစီရင်ခံစာများနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမများ ပြုစုပေးပို့ရမည့် အစီရင်ခံစာများနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နှစ်ပတ်လည်အစီရင်ခံစာများ ပုံမှန်ထွက်ရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ အစီရင်ခံစာများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ရန်ပုံငွေသုံးစွဲထားရှိမှုများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်သော အခြေအနေများ စသည်ဖြင့် အပိုင်းလိုက်ဖော်ပြထားရေး၊ နှစ်ပတ်လည်အစီရင်ခံစာများတွင် ပါရှိသော အချက်အလက်များကိုလည်း ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ လက်ရှိဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော အခြေအနေများနှင့် အခြေခံအကြောင်းတရားများကို လေ့လာဆန်းစစ်သုံးသပ်ရေးတို့ကို မှာကြားခဲ့သည်။

စီမံချက်များ၏ နှစ်ပတ်လည်အစီရင်ခံစာများ ကောင်းမွန်မှန်ကန်၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ဝေနိုင်ပါက ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်တွေ့အသုံးဝင် ကိုးကားနိုင်သည့်အချက်များ ရရှိလာမည်ဖြစ်သည်။ သားဖွားဆရာမများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် အချက်အလက်ဖြည့်စွက်ပြီး လစဉ်၊ အပတ်စဉ် စသည်ဖြင့် သတင်းပေးပို့ရသည့်ပုံစံများသည် အလွန်များပြားရာ အဆိုပါပုံစံများကို ဖြည့်စွက်နေရသည့်အတွက် အလုပ်တာဝန်များပြားလျက်ရှိသည်။ ယင်းအတွက် တိကျမှန်ကန်သော အချက်အလက်များကိုသာ သတ်မှတ်အချိန်အတွင်း လွယ်ကူစွာ ဖြည့်သွင်းနိုင်ရန်၊ ယခင်ရှုပ်ထွေးများပြားသောပုံစံများမှ လွယ်ကူရှင်းလင်းသောပုံစံအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကို ဆောလျင်စွာ လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်နေခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက စာရင်းဇယားအချက်အလက် စတင်ကောက်ယူမှုမှအစပြု၍ စီမံချက်ရေးဆွဲမှု၊ လက်တွေ့ဆောင်ရွက်မှု၊ ပြန်လည်ဆန်းစစ်သုံးသပ်မှု၊ ထပ်မံလိုအပ်သော အချက်အလက် ကောက်ယူမှုတို့ကို အခြေခံကျန်းမာရေးဝန်ထမ်းများမှ အစပြု၍ ဗဟိုအဆင့်အထိ အားလုံးပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စီမံချက်တစ်ခုနှင့် တစ်ခုအကြား၊ ဌာနတစ်ခုနှင့် တစ်ခုအကြား၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနတစ်ခုနှင့် တစ်ခုအကြား၊ ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနတို့အကြား ဆက်သွယ်ရေးလမ်းကြောင်းများ ယခုထက် ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သက်သက်မူက သားဖွားဆရာမများ ပြုစုပေးပို့ရမည့် အစီရင်ခံစာများနှင့်ပတ်သက်ပြီး ခြုံငုံတင်ပြပြီးနောက် သက်ဆိုင်ရာဌာနများအလိုက် ဖြည့်သွင်းရမည့်ပုံစံများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

သားဖွားဆရာမများ ပြုစုပေးပို့နေရသည့် အစီရင်ခံစာများကို ပြန်လည်သုံးသပ်စိစစ်ပြီး မူလဖြည့်သွင်းနေရသည့် ပုံစံ ၃၁ ခုခန့်မှ ၁၀ ခုခန့်အထိ လျှော့ချနိုင်ရေး ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ တွင် ဖော်ပြခဲ့သည့် "ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပြာရောင်ကမ္ပည်းတပ်ဆင်" သတင်းကော်လံ ၂ စတုတ္ထမြောက်စာကြောင်းတွင် ၁၉၈၀ ပြည့်နှစ်များအစား ၁၈၉၀ ပြည့် နှစ်များဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**



# (၉၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပ

**မလှိုင် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ပြန်/ဆက်ရုံး Community ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသမီးရေးရာအဖွဲ့၊ စာရေးဆရာအသင်းနှင့် ပညာရေးဌာနတို့မှ ဒိုင်အဖြစ်ဆောင်ရွက်ပြီး ပဟေဠိပြိုင်ပွဲကို ကျင်းပပေးခဲ့သည်။ ပြိုင်ပွဲသို့ မြို့သစ်အထက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **အောင်ဌေး(မလှိုင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်(ရွှေဈေး) ၉၃၁၀၀၀ - ၉၃၁၀၀၀ မန္တလေး(ရွှေဈေး) ၉၃၁၀၀၀ - ၉၃၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၀/၆၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၁၀၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၂၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၇၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၉. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၈၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၆. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

# မီဒီယာလွတ်လပ်ခွင့်ကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရမှ IT နည်းပညာအလွဲသုံးစွဲမှုများကို စောင့်ကြည့်ပေးရန် ဆွေးနွေး

**ကုန်သွယ်ရေး၏ အရေးပါသောမြို့တစ်မြို့ဖြစ်သည့် မူဆယ်မြို့အတွက် လေယာဉ်ကွင်းသစ်ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် PPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီအစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် ခွင့်ပြုချက်ရထားပြီးဖြစ်**




**နေပြည်တော် အောက်တိုဘာ ၂၅**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်း၊ ပြင်ဆင်ချက်အဆိုတစ်ခုဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **မြန်မာနိုင်ငံ၏ အဓိကနယ်စပ်ကုန်သွယ်ရေးမြို့များဖြစ်သော မူဆယ်နှင့် မြဝတီမြို့များတွင် လေယာဉ်ကွင်းဆောက်လုပ်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မူဆယ်မြို့ရှိ မူဆယ်လေယာဉ်ကွင်းဟောင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီက တည်ဆောက်ထားပြီး အလျားပေ ၅၀၀၀၊ အကျယ်ပေ ၁၀၀၊ ဒု ရှစ်လက်မရှိ ကျောက်ခင်း လေယာဉ်ပြေးလမ်းဖြစ်ပါကြောင်း၊ ယခုအခါတွင် အဆိုပါလေယာဉ်ပြေးလမ်းဟောင်းကို မူဆယ် အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ရွှေလီမြစ်ကမ်းဘေးတစ်လျှောက် ဆောင်ရွက်နေသည့် Muse Central Business District သို့ ဆက်သွယ်သည့် လမ်းမကြီး၏တစ်စိတ်တစ်ပိုင်းအဖြစ် အဆင့်မြှင့်တင်၍ အသုံးပြုထားသည့်အပြင် တရုတ်ပြည်နယ်နိမိတ်နှင့် ကပ်လျက်အနေအထား ရှိခြင်းကြောင့် ၎င်းနေရာတွင် လေကြောင်း ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် လေယာဉ်ကွင်းတစ်ကွင်း တည်ဆောက်ရန်မဖြစ်နိုင်တော့သည်ကို တွေ့ရှိရပါကြောင်း။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မူဆယ်ဒေသနေပြည်သူများအနေဖြင့် အစိုးရဌာနကိစ္စများ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကိစ္စများအတွက် မြို့ကြီးများကို လွယ်ကူစွာဖြင့် အချိန်မီ သွားလာဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နယ်စပ်ကုန်သွယ်ရေး၏ အရေးပါသောမြို့တစ်မြို့ဖြစ်သည့် မူဆယ်မြို့အတွက် လေယာဉ်ကွင်းသစ်ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် PPP စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီအစည်းအဝေးသို့တင်ပြခဲ့ရာ မူအားဖြင့် ခွင့်ပြုချက်ရထားပြီး ဖြစ်ပါသဖြင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကရင်ပြည်နယ် မြဝတီမြို့တွင် လေယာဉ်ကွင်းဟောင်းမြေနေရာမရှိသည့်အပြင် လေယာဉ်ကွင်း တည်ဆောက်ရန် မြေနေရာရှာဖွေဆောင်ရွက်ထားမှု မရှိပါသဖြင့် လေယာဉ်ကွင်းသစ် တည်ဆောက်မည်ဆိုလျှင် သက်ဆိုင်ရာပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် သင့်တော်ပြီး လုံလောက်သည့် မြေနေရာကို ကွင်းဆင်းရှာဖွေရွေးချယ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အနာဂတ်အစီအစဉ်ကို မြဝတီမြို့၌ လေယာဉ်ကွင်းသစ်ဖောက်လုပ်ရန် ယခုအချိန်တွင် စီစဉ်လျာထားမှုမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ **ပြင်ဦးလွင်အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာနိုင်ငံ၏ လေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ပြည်တွင်းလေကြောင်းလိုင်း ၁၀ လိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အခြေပြု၍ မြို့ပေါင်း ၂၉ မြို့သို့ ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက် ရှိပါကြောင်း၊ ရန်ကုန်မှ ပြင်ဦးလွင်အနီးစခန်းလေဆိပ်သို့ အကွာအဝေးအားဖြင့် ၃၂၀ နော်တီကယ်မိုင်ရှိပြီး ATR လေယာဉ်ဖြင့် ခရီးစဉ်ပျံသန်းမည်ဆိုပါက ပျံသန်းချိန် ၁ နာရီ မိနစ် ၄၀ ခန့်ကြာမြင့်ပြီး ကုန်ကျစရိတ် (လေယာဉ်ငှားရမ်းခ၊ လေယာဉ်ဆီ၊ အာမခံကြေး၊ ဆင်းသက်ရပ်နားခ၊ လေကြောင်းထိန်းသိမ်းခ)မှာ ကျပ် ၇ ဒသမ ၀၇၂ သန်းခန့်ကျပါကြောင်း၊ ATR လေယာဉ်ဖြင့် ရန်ကုန်-ပြင်ဦးလွင်-ရန်ကုန်ခရီးစဉ် အသွား၊ အပြန် အတွက်ဆိုလျှင် စုစုပေါင်း ခန့်မှန်းငွေကျပ် ၁၄ ဒသမ ၁၄၄ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ လေယာဉ်သည် ခရီးသည် ၇၀ လိုက်ပါနိုင်ပြီး လေယာဉ်လက်မှတ်ခ တစ်ဦးလျှင် ကျပ် ၁၀၈၈၀၀ နှုန်းဖြင့် ထိုင်ခုံ ၆၅ ခုံ ရောင်းချမှသာလျှင် အရင်းငွေ ပြန်လည်ရရှိမည် ဖြစ်ပါကြောင်း။

လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်းများအနက် မြန်မာအမျိုးသားလေကြောင်း၊ ရွှေမြန်မာလေကြောင်းလိုင်း၊ အေးရှားဝင်းလေကြောင်းလိုင်း၊ အဲကမ္ဘောဇလေကြောင်းလိုင်း၊ မန်းရတနာပုံလေကြောင်းလိုင်း၊ ရန်ကုန်အဲဝေး(စ်)လေကြောင်းလိုင်းတို့မှ လားရှိုးမြို့သို့ ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း လေကြောင်းလိုင်းများ၏ လားရှိုးခရီးစဉ် ခရီးသည်အနေဖြင့် ပျမ်းမျှ ၃၃ ဦးသာရရှိသည်ကို တွေ့ရပါကြောင်း၊ ရန်ကုန်-လားရှိုး တိုက်ရိုက် ခရီးစဉ်ရရှိမှုတွက်ခြေမကိုက်ပါသဖြင့် မန္တလေး၊ ဟဲဟိုး၊ တာချီလိတ် စသည့် ခရီးစဉ်များတွင် ကွန်းပတ်ခရီးစဉ်များအဖြစ် ပေါင်းစပ်ပျံသန်းကြလျက်ရှိပါကြောင်း။

လေယာဉ် ခရီးစဉ်များတွင် ပြင်ဦးလွင်ကို ထည့်သွင်းပြေးဆွဲရန် အဓိကဆင်းသက်သည့် မန္တလေးမှ လားရှိုးသို့ ၁၄၅ နော်တီကယ်မိုင်ရှိပြီး ခရီးစဉ်တွင် ပြင်ဦးလွင်ကို တစ်ဆင့်ခံ ပျံသန်းရန်တွင်လည်း မန္တလေးမှ ပြင်ဦးလွင်သို့ ၄၀ နော်တီကယ်မိုင်ရှိပြီး ပျံသန်းချိန်အနေဖြင့် ၁၅ မိနစ်သာ ဖြစ်ပါသဖြင့် လေယာဉ်ခရီးစဉ်တစ်ရပ်အနေဖြင့် ပြေးဆွဲရန်မသင့်တော်သည့် အကွာအဝေးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဒေသခံပြည်သူများ အနေဖြင့် မော်တော်ယာဉ်များကို ပိုမိုအသုံးပြု၍ ခရီးသွားလာခြင်း၊ လေယာဉ်စီးခရီးသည်များ ရရှိမှု နည်းပါးခြင်း၊ ဈေးကွက်အခြေအနေအရ လေကြောင်းလိုင်းများတွက်ခြေမကိုက်ခြင်းတို့ကြောင့် အနီးစခန်းလေဆိပ်သို့ ခရီးသည်တင်လေယာဉ်များပျံသန်းပြေးဆွဲပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်းတို့က အရှုံးပေါ်၍ ရပ်ဆိုင်းထားသော ဓာတ်မြေသြဇာစက်ရုံများကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေခြင်း ရှိ၊ မရှိ၊ ရေယာဉ်များ အင်ဂျင်မြင်းကောင်ရေ အင်အားကို(၂၀) အထိသာလျှင် လိုင်စင်လျှောက်ထားခွင့် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးရန်၊ ထားဝယ်ခရိုင် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း၊ မယ်စဲ့မြို့နယ်တွင် MPT တာဝါတိုင် ထပ်မံတိုးချဲ့တပ်ဆင်ပေးရန် မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က **လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရရှိသော အချက်အလက်များအရ နိုင်ငံတစ်ဝန်းတွင် မိုဘိုင်းဖုန်းအသုံးပြုသူများတွင် Internet အသုံးပြုသူ ရာနှုန်းပြည့်နီးပါး လူမှုကွန်ရက်၊ Social Network များဖြစ်သည့် Facebook၊ Instagram၊ Twitter များထဲတွင် Facebook ကို အထူးအသုံးပြုကြပါကြောင်း၊ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင်လောင်းကစားမှု၊ တရားမဝင်ရောင်းဝယ်မှု၊ တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖြန့်ချီမှု၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခ ဖြစ်စေသည့် သတင်းမှားများ လုပ်ကြံဖန်တီးမှုတို့ကြောင့် ရာဇဝတ်မှုခင်းများထဲတွင် သက်ငယ်မုဒိမ်းမှုများ၊ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများနှင့် လူမျိုးရေး၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုများ မြင့်တက်နေသည်ကို စိုးရိမ်ဖွယ်ရာ တွေ့ရှိရပါကြောင်း၊ လူငယ်၊ လူရွယ်များ စိတ်ဓာတ်ပျက်ပြားပြီး အကျင့်စာရိတ္တများ ပိုမိုပျက်စီးလာခြင်းသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာစေပါကြောင်း၊ နိုင်ငံတော်အစိုးရမှ IT နည်းပညာကို အသုံးပြုရာတွင် ရည်ရွယ်ချက်ဆိုးဖြင့် သုံးစွဲမှုများကို စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်လာပြီဟု ယူဆမိပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်နှင့် ပြည်သူတို့၏ သတင်းသိပိုင်ခွင့်များကို မထိခိုက်စေဘဲ စနစ်တကျရှိသည့် နည်းလမ်းများ ရှာဖွေပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရမှ IT နည်းပညာ အလွဲသုံးစွဲမှုများကို စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်ပေးပါရန် ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **စာရင်းအင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယင်းပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

---



## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စရီနာတား နီကိုလာလော့ဒ်ဒက်ဆဲလ်လီယန်အား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ဌာနေညှိနှိုင်းရေးမှူးအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း မြန်မာနိုင်ငံအပေါ် မှန်ကန်စွာနားလည်ဆောင်ရွက်ပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်ပေးမှုများအတွက် များစွာဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ အရာရှိများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန် ဆိပ်ကမ်းများတွင် စစ်ဆေးပြီးမှသာ ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့်ပို့ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကြယ်ပွင့်ပြမေးခွန်းလေးခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ **ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်းရှိ ပေါက်တပင် မျိုးသန့်ခြံကို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်းရှိ ပေါက်တပင်မျိုးသန့်ခြံသည် ယခင်က စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ဖွင့်လှစ်ခဲ့သောနေရာဖြစ်ပြီး စိုက်ပျိုးရေးသိပ္ပံဖွင့်လှစ်မည်ဆိုပါကလည်း မြေဧကအနေဖြင့် လုံလောက်၍ သင့်တော်သောနေရာလည်း ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း သာယာဝတီတွင် စိုက်ပျိုးရေးသိပ္ပံတစ်ကျောင်းတည်ရှိပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးရေးသိပ္ပံ ဖွင့်လှစ်ထားခြင်း မရှိသေးသည့်အတွက် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးရန် စိုက်ပျိုးရေးသိပ္ပံအသစ်ဖွင့်လှစ်ရန် သင့်တော်သော နေရာဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ဖွင့်လှစ်ပြီးသော စိုက်ပျိုးရေးသိပ္ပံ ၁၄ ကျောင်းနှင့် ထပ်မံဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးသိပ္ပံ(ဟုမ္မလင်း) အတွက် လက်ရှိသိပ္ပံကျောင်းတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော အင်္ဂါရပ်ဖြစ်သည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ ပြည့်စုံလုံလောက်စွာ ဖြည့်ဆည်းရန် လိုအပ်ချက်ရှိနေခြင်း၊ အဆောက်အအုံများ၊ အသုံးအဆောင် ပရိဘောဂများ၊ ယာဉ်စက်ကိရိယာများနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းရန် လိုအပ်ချက်များရှိခြင်း၊ အဓိကအားဖြင့် ရန်ပုံငွေ လိုအပ်ခြင်းတို့ကြောင့် ကျောင်းသစ်ဖွင့်လှစ်ရန် အခြေအနေမပေးသေးပါကြောင်း။

လက်ရှိအခြေအနေတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်းရှိ ပေါက်တပင်မျိုးသန့်ခြံတွင် စိုက်ပျိုးရေးသိပ္ပံကျောင်းသစ်အား ဖွင့်လှစ်ရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးလင်းတင်ဌေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးခင်မျိုးဝင်း၏ **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



> မြိတ်မြို့တွင် မြန်မာနိုင်ငံ၏ ငါးဖမ်းလှေ သုံးပုံနှစ်ပုံ ပိုင်ဆိုင်သော်လည်း မည်သည့်ငါးဖမ်းလှေမှ ဖမ်းဆီးရမိလာသည့် ရေထွက်ပစ္စည်းများကို ငါးတင်/ငါးချဆိပ်ကမ်းတွင် တင်ဆောင်စစ်ဆေးခြင်း မပြုလုပ်ဘဲ ကြိုတင်ယူဆောင်ထားသည့် စာရွက်စာတမ်းများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးပြီး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်မညီသည့် FOB စနစ်ဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေ။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက မြန်မာနိုင်ငံ၏ နယ်စပ်ဂိတ်များဖြစ်သည့် မူဆယ် (၁၀၅) မိုင်စခန်းရှိ ငါးရှဉ့်၊ ကဏန်းလေလံဈေးတွင် အိမ်နီးချင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ လာရောက်ဝယ်ယူပြီး ကျသင့်သည့် အခွန်အခများ ပေးဆောင်ကာ ၎င်းတို့နိုင်ငံသို့ သယ်ယူသွားပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း နိုင်ငံတော်မှ အသိအမှတ်ပြု ငါးတင်/ငါးချ ဆိပ်ကမ်းများတွင် တင်ချစစ်ဆေးပြီးမှသာ ပြည်တွင်းစားသုံးသူများအတွက် မြန်မာပြည်တွင်း လက်လီ/လက်ကား ဈေးများသို့လည်းကောင်း၊ ပြည်ပသို့ တင်ပို့မည့်ပစ္စည်းများကို အအေးခန်းများသို့လည်းကောင်း အေးခဲပြီးမှ တင်ပို့ရောင်းချသည့်အတွက် နည်းလမ်းမှန်သော်လည်း မြိတ်မြို့တွင် မြန်မာနိုင်ငံ၏ ငါးဖမ်းလှေ သုံးပုံနှစ်ပုံပိုင်ဆိုင်သော်လည်း မည်သည့်ငါးဖမ်းလှေမှ ဖမ်းဆီးရမိလာသည့် ရေထွက်ပစ္စည်းများကို ငါးတင်/ငါးချဆိပ်ကမ်းတွင် တင်ဆောင်စစ်ဆေးခြင်း မပြုလုပ်ဘဲ ကြိုတင်ယူဆောင်ထားသည့် စာရွက်စာတမ်းများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်မညီသည့် FOB စနစ်ဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေပါကြောင်း။

FOB စနစ်ဟု ခေါ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်မညီ လုပ်ပုံလုပ်နည်း ကွဲပြားနေခြင်းသည် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ နစ်နာဆုံးရှုံးနေသည့်အပြင် မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်း ပြည်ပသို့ တင်ပို့ချိန်တွင်လည်း နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကွဲလွဲနေသည့်အတွက် အနေးနှင့်အမြန် အရေးယူသတိပေးခြင်း ခံရနိုင်ပါကြောင်း၊ အိမ်နီးချင်းထိုင်းနိုင်ငံ၏ ရေလုပ်ငန်းအပေါ်တွင်လည်း EU နှင့် အမေရိကန်နိုင်ငံတို့၏ အရေးယူသတိပေးခြင်းများခံရသကဲ့သို့ မြန်မာနိုင်ငံ၏ နည်းစနစ်မမှန်သည့် FOB စနစ်ဖြင့် တင်ပို့ခွင့်ပြုနေခြင်းအား နိုင်ငံတကာမှ သိရှိသွားပါက အရေးယူခြင်းများ ခံရနိုင်သည့်အတွက် မြန်မာ့ရေထွက်ကုန်များ နိုင်ငံတကာသို့ ထိုးဖောက်ရန် ကြိုးစားနေသည့်အချိန်တွင် ပိတ်ပင်မှုများ ခံရနိုင်ဖွယ်ရှိပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ဆုံးရှုံးနေသည့် အခွန်အခများကို မှန်မှန်ကန်ကန်ရရှိနိုင်ရန်အတွက် အဆိုရှင်၏ တင်ပြချက်နှင့်အဆိုကို ဝိုင်းဝန်းထောက်ခံအကြံပြုတင်ပြဆွေးနွေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြဆွေးနွေးချက်များကို အလေးဂရုပြု ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးလှဆန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၃၀ နှင့် ကြားနေမဲ ငါးမဲဖြင့် ထောက်ခံမဲများသဖြင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာလော့ဒ် ဒက်ဆဲလ် လီယန်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆု မအိအိမော်(ယဉ်ကျေးမှု) ရေးသားသည့် "ကချင်ရိုးရာ အဆင်တန်ဆာဒီဇိုင်းများ" စာအုပ်ကို စာအုပ်အသင်း၏ ၁၄၈ အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်" ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချစ်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း "ကြေးမုံဖတ်ကြည့်" ကဏ္ဍဟု ထင်ရှားစွာ လိပ်မူ၍ အမှတ် (၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ သတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

တာဝန်ကြီးတစ်ခုပြီးဆုံးသွားပြီဖြစ်၍ ရေးသင့်တာများရေးနိုင်သည့် အချိန်သို့ပြန်ရောက်လာပါပြီ။ အနည်းဆုံးတော့ လေးလလောက်ရေးခွင့်ရပါမည်။ ဝယ်ယူထားသော စာအုပ်များစွာတို့အကြောင်းကို ကြုံသလိုရေးပါမည်။ စာအုပ်များပို့လိုပါလျှင် ကျွန်တော့်ထံ တိုက်ရိုက်ပေးပို့နိုင်ကြပါသည်။

**၁။ သာဘာပြန်**

ဘာသာပြန်အတွက် စိစစ်အကဲဖြတ်ရန်မူတွင် မူရင်းစာအုပ်၏ စာမျက်နှာ ၁၀ ရာခိုင်နှုန်းထက်မနည်းကို တိုက်ဆိုင်စစ်ဆေးရန်ဟု ပါကြောင်းသိရသည်။ မသိလျှင် ကျော်လွှား၊ သင့်သလိုညာစား ဘာသာပြန်များ အရေးနိမ့်စရာ အနေအထားပင်ဖြစ်သည်။ ဘာသာပြန်ရာတွင် ဘာသာပြန်သူ၌ တာဝန်သုံးခုသာရှိပါသည်။ မှန်၊ ချော၊ ဟန်ဟု အတိုချုပ်မှတ်ရသော (က)စာလုံးအဓိပ္ပာယ် အယူမှန်ခြင်း၊ (ခ)အရေးအသားချောမွေ့ ပြေပြစ်ခြင်းနှင့် (ဂ)မူရင်းလက်ရာ၏ဟန်ကို ဆက်လက်သယ်ဆောင်နိုင်ခြင်းတို့ဖြစ်သည်။

စာလုံးအယူမှားခြင်းကို အားနာနာနှင့်ပင် ဥပမာပြရပါဦးမည်။ hill station Taungyi ဆိုသောစာကို ဘာသာပြန်သူက တောင်ကြီးဘူတာရုံဟု ပြန်လိုက်သည်။ တောင်ကြီးတွင် ဘူတာရုံမရှိမှန်းပင်မသိသူက Station မြင်တိုင်း မီးရထားဘူတာ (railway station)ဟု ထင်နေပုံရသည်။ ထိုစာအုပ်ကို လွန်ခဲ့သော နှစ် ၃၀ ကျော်က အခြားသူတစ်ဦးပြန်ဆိုခဲ့ဖူးသည်။ ထိုအထဲတွင် တောင်ပေါ်စခန်းမြို့ဟု မှန်ကန်စွာ ဘာသာပြန်ထားပါသည်။

စာပေဗိမာန်ဆုခေတ်က ဘာသာပြန်ဆိုလျှင် ဂန္ထဝင်စာအုပ်များ၊ နိုဘယ်ဆုရစာရေးဆရာ၏စာအုပ် သို့မဟုတ် neo-classic ခေါ် ခေတ်သစ်စာပေလက်ရာမွန် (သို့သော်စာရေးဆရာ ကွယ်လွန်ခဲ့သည်မှာ ၁၀ နှစ်နှင့်အထက်)တို့ကိုသာ လက်ခံစဉ်းစားခဲ့သည်။ မူရင်းကို အပြည့်အစုံ ဘာသာပြန်ထားခြင်းဖြစ်ရမည်ဟု သတ်မှတ်ထား၍ ဆရာမြသန်းတင့် ကိုကိုးကျွန်းမှပြန်လာပြီး စစ်နှင့်ငြိမ်းချမ်းရေး ၁၂ တွဲကို နောက်ဆုံး သုံးတွဲထုတ်ဝေပြီးမှသာပေးသည်။ အကျဉ်းချုံး၍ ဖြတ်တောက်ပြုပြင်အလွယ်ပြန်ရေးတို့မှာ မူရင်းစာရေးဆရာ၏ ရသစာပေဟန်ကို မသယ်ဆောင်နိုင်သောကြောင့် ဇာတ်လမ်းအသိပေးရုံ အလုပ်အပြင် ဘာမှလုပ်သည်မဟုတ်။ ထို့ကြောင့် မူရင်းကို အပြည့်အစုံပြန်ဆိုခြင်းဖြစ်မှသာ စဉ်းစားကြသည်။

အချို့ဘာသာပြန်စာရေးဆရာများသည် ဘာရေးရေး ကိုယ့်ဟန်ထဲအတင်းဆွဲသွင်းကြသည်။ ယနေ့ခေတ်တွင်နာမည်ရပါသော ဘာသာပြန်ဆရာတစ်ဦးဆိုလျှင် ဘာရေးရေး စပ်ဖြဲဖြဲရွှင်ရွှင်သွက်သွက် ဘာသာပြန်လေ့ရှိသည်။ မူရင်းနှင့်တိုက်ဖတ်တော့ မူရင်းရေးသူနိုဘယ်ဆုရစာရေးဆရာက အတည်အခန့်ရေးထားခြင်း ဖြစ်နေသည်ကိုတွေ့ရသည်။

ပုဂ္ဂလိကကိစ္စ ထည့်ပြောရပါဦးမည်။ ကျွန်တော်လည်း ဘာသာပြန်စာရေးဆရာ ဖြစ်ချင်ခဲ့ဖူးပါသည်။ ဆယ်တန်းကျောင်းသား ဘဝလောက်မှစပြီး ငါရယ်၊ ဖောင်တိန်ရယ်၊ အဘိဓာန်ရယ် မူဖြင့်ဘာသာပြန်ခဲ့ပါသည်။ အင်္ဂလိပ်စာပေ၏ စကားပြေသဘော sense ကို ရရန်မှာ စာများများဖတ်မှဟု သဘောပေါက်လာ၍ အတင်းကြီးမကြိုးစားတော့ပါ။ ၁၉၆၅ ခုနှစ်လောက်တွင် စာရေးရင် စကားပြောသလိုရေးရမယ်ဆိုသော စကားပြေတော်လှန်ရေး တစ်ခုခေတ်စားလာပါသည်။ ထိုဝါဒတွင် ဘာရေးရေးစကားပြောသလို (အပြောစကားပြေဖြင့်)ရေးရမယ်ဟူသော အာဏာရှင်ဝါဒကို မကြိုက်သော်လည်း အပြောစကားပြေ၏ ထိရောက်မှုကိုကား လက်ခံပါသည်။ လူထုသုံး စာပေ အရေးအသားအဖြစ်လည်း လေးစားပါသည်။ ဘာသာပြန်တွင် စမ်းကြည့်ရာ သုတစာပေများအတွက် အသုံးကျလှသည်ကိုတွေ့ပါသည်။ Hesse နှင့် Lawrence တို့၏ စကားပြေများကို ပြန်ကြည့်သောအခါ အဆင်မပြေလှ။ ဟက်ဆာနှင့်လောရင့်စ်တို့က ဝေဝေဆာဆာသွယ်သွယ် နွဲ့နွဲ့ရေးတတ်ကြသူများဖြစ်သည်။ အရေးစကားပြေ၏ အင်အားမှာ သရုပ်ဖော်မှုတွင်ရှိသည်။ အရေးအသား အဖွဲ့အနွဲ့ကောင်းသော တပင်ရွှေထီးဝတ္ထုတော်ကြီးလိုစာများကို အပြောစကားပြေဖြင့် ပြန်ရေးကြည့်လျှင် ရသစာပေအတွက် အင်အားကြီးလှသော အရေးစကားပြေ၏တန်ဖိုးကိုသိမည်။ (ဒေါ်)ဒဂုန်ခင်ခင်လေး၏စာဆိုတော်ဝတ္ထုကြီးကို အပြောစကားပြေဖြင့် ရသမပျက် ပြန်ရေးပြနိုင်သူများ မရှိဟုတော့ မပြောလိုပါ။

တဖွဲ့တနွဲ့ရေးတတ်ကြသော ဟက်ဆာနှင့်လောရင့်စ်တို့ကို အပြောစကားပြေဖြင့် ဘာသာပြန်ကြည့်ရာတစ်မျက်နှာကုန်သည်အထိပင်မခံပါ။ လက်လျှော့လိုက်ရပါသည်။ မူရင်းစာရေးဆရာကို အားနာ၍ဖြစ်သည်။ ကိုယ်ဘာသာပြန်လိုက်တော့မှ သူတို့ဟန်က ဆတ်တောက်တောက်နှင့် မကြွယ်မဝဖြစ်လာနေခြင်းကို အားနာပါသည်။

မှန်လည်းမှန်၊ နားဝင်လည်းချောပြီး မူရင်းဟန်ကိုလည်းထိန်းသိမ်းနိုင်သော ဘာသာပြန်ဖြစ်ရန်မှာ မလွယ်လှပါ။ မှန်ဖို့ပင် ခက်နေသောခေတ်မှာ ဘာသာခြားစာပေ၏ရသဖော်ကျူးပုံကို ဘယ်လိုလက်ဆင့်ကမ်းကြမည်နည်း။

**၂။ ကြယ်ငါး**

Chicken soup ဆိုသောစကားလုံးကို ကြက်စွပ်ပြုတ်၊ ကြက်သားစွပ်ပြုတ်ဟု ဘာသာပြန်ရပါမည်။ Chicken Soup for the soul ကို ကျတော့ စိတ်ဓာတ်အားဖြည့်စာဟု ဘာသာပြန်မှသင့်မည်ဟုထင်ခဲ့၏။ ဘာသာပြန်ဆရာတစ်ဦးက နှလုံးသားအာဟာရဟု ဘာသာပြန်လိုက်သည်ကို တွေ့သောအခါ အလွန်နှစ်သက်သွားပါသည်။

ထိုစာစုတစ်ခုတွင် ကြယ်ငါးအကြောင်းပါသည်။ လူတစ်ယောက်က ပင်လယ်ကမ်းခြေတွင် နံနက်စောစော လမ်းလျှောက်နေခိုက် ရှေ့မှလူတစ်ဦး ကုန်းကွပြန်ထ အလုပ်ရှုပ်နေသည်ကို တွေ့သည်။ အနားရောက်တော့ ထိုသူက ကမ်းတင်ကြယ်ငါးများကို ရေလှိုင်းများအကြားပြန်လွှတ်ပစ်နေသည်ကိုတွေ့၏။ ခင်ဗျားဗျာ ကမ္ဘာကြီးရဲ့ပင်လယ်ကမ်းတစ်လျှောက် လှိုင်းပုတ်သောင်တင်ကြယ်ငါးတွေ သန်းနဲ့ချီပြီးရှိနေတာကို တစ်ကောင်ချင်း လိုက်ကောက်ပြန်ပစ်နေလို့ ဘာထူးမှာလဲဟု ပြောကြည့်သည်။ ထိုသူက သူ့လက်ထဲမှကြယ်ငါးကို ရေထဲလွှင့်ပစ်လိုက်ပြီး "သူ့အတွက်တော့ ထူးသွားတာပေါ့ဗျာ"ဟု ဖြေလိုက်သည်။

အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ထိုဖြစ်ရပ်ကလေးကို စာဟောဆရာတစ်ဦးက စင်မြင့်ထက်မှဟောတာ သုံးလေးကြိမ်မက ကြားဖူးပါသည်။ ကျွန်တော်ကတော့ ထိုကြယ်ငါးကယ်တင်ရေးလုပ်ရပ်ကို အားမပေးပါ။ ပထမဆင်ခြေမှာ ကြယ်ငါးသည် ကြယ်ငါးမျှသာဖြစ်ပြီး လူမဟုတ်၊ ခွေးမဟုတ်၊ ကြောင်မဟုတ်၍ဖြစ်သည်။ ဒုတိယအချက်မှာ မိနစ်တိုင်း သိန်းနှင့်ချီ၍သောင်ပြင်ပေါ်ရောက်လာနေကြသည့်ကြယ်ငါးများအနက် ၄-၅၀ ကို ကယ်တင်လိုက်၍ ဘာမှထူးမလာနိုင်ခြင်းဖြစ်သည်။ ကမ်းခြေလျှောက်ပြီး အမှိုက်ကောက်တာကမှ ပိုပြီးလက်တွေ့ကျဦးမယ်။ တတိယအချက်က သူကယ်တင်လိုက်သောကြယ်ငါးသည် လှိုင်းပုတ်ပြီး နောက်နှစ်မိနစ်လောက်အကြာမှာ သောင်ပြင်ပေါ် ပြန်ရောက်လာဦးမည့်အချက်ဖြစ်၏။ နောက်ဆုံးအချက်မှာ အရေးကြီးပါသည်။ သတ္တဝါတို့သည် အသေမြန်မည့်နေရာမှာ ကျက်စားလေ့မရှိပါ။ လှိုင်းပုတ်ခံပြီး သောင်ပေါ်တင်ကာသေဆုံးရမည့်နေရာတွင် ကြယ်ငါးတို့ မှီတင်းနေထိုင်ခြင်းမပြုပါ။ ကြယ်ငါးသည် ပင်လယ်ကြမ်းပြင်အနီးမှာသာနေပါသည်။ ကမ်းစပ်လှိုင်းလုံးကြား ရောက်လာသော ကြယ်ငါးများမှာ အိုမင်းမှုအရ သေချိန်နီး၍ ရေအောက်မှာ မနေနိုင်တော့ဘဲ ကမ်းစပ်ရေမျက်နှာပြင်လှိုင်းလုံးကြား ရောက်လာရခြင်းဖြစ်သည်။ ဤလို သက်ရှိမျိုးကို အသက်ကယ်ရန်ကြိုးစားနေခြင်းမှာ အချိန်ဖြုန်းခြင်းသက်သက်ဟု မပြောရက်သည့်တိုင် "မိမိအတ္တကို အစာကျွေး"သော သူရဲကောင်းဝါဒ (ဝါ) စိတ်အဆာဖြေခြင်းသက်သက်ဟု ပြောရပါလိမ့်မည်။ မျှော်လင့်ချက်လည်းမရှိ ဘာမှလည်း Significant ခေါ် ထူးခြားအားထားဖွယ်မရှိသည့် ကြယ်ငါးအကောင်တစ်ရာလောက်ကို အကျိုးမဲ့ကယ်တင်နေခြင်းသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုကူညီမှုတို့ဖြင့် မဆိုထားနှင့် လမ်းချို့ခွက်တစ်ခု ပြုပြင်ပေးတာမျိုးလောက်နှင့်ပင် နှိုင်းယှဉ်မရဟု ထင်ပါသည်။







**၃။ အောင်စိတ်**

ပညာရေးတွင် ထင်တိုင်းမပေါက်သဖြင့် လက်လျှော့နေသော၊ လက်လျှော့တော့မည်ကြံစည်နေသော လူငယ်များကို စိတ်ဓာတ်မြှင့်တင်ပေးခြင်းကတော့ ကြယ်ငါးဖြစ်ရပ်နှင့် တခြားစီဖြစ်ပါသည်။ ဝေးလံခေါင်းပါးဒေသတွင် ကိုယ်ထူကိုယ်ထ ကျောင်းကလေးဖွင့်နိုင်အောင် ကူညီပေးသဖြင့် အဆင့်မြင့်ပညာတန်းသို့ တက်လှမ်းနိုင်သူတစ်ဦးပေါ်လာလျှင် ထိုကျောင်းသားသည် ထိုနယ်မြေအတွက် စံပြုစရာလူသားဖြစ်သွားသည်။ မြို့ကြီးပြကြီးမှာ ဘာသာစုံ ဂုဏ်ထူးရပြီး ဆေးတက္ကသိုလ်ရောက်သွားခြင်းမှာ အထူးအဆန်းမဟုတ်။ သို့သော် မူလတန်းကျောင်းပင်မရှိသော ဝေးလံခေါင်းပါးရွာမှ ဆယ်တန်းအောင်သူတစ်ယောက် ထွက်ပေါ်လာခြင်းမှာ အထူးအဆန်းဖြစ်၏။ ထိုအထူးအဆန်းသည် ထိုဒေသအတွက်အင်အားဖြစ်လာတတ်သည်။ မိဘတို့ကို မျှော်လင့်ချက်ပေးပြီး လူငယ်တို့ကို ဖွဲ၊ လှုံ့လရင့်သန်စေမည်ဖြစ်သည်။

ထို့အတွက် ကျွန်တော်သည် အခွင့်အရေးရတိုင်း လှူဖြစ်သော အားဖြည့်လမ်းညွှန်စာအုပ်တစ်အုပ်ရှိ၏။ ယခုတော့ တက်ကျမ်း(တိုးတက်ရေးကျမ်း)ဟုခေါ်နေကြသည်။ ဆရာကြီး ပီမိုးနင်းတို့ခေတ်ကမူ တက်ကျမ်းဆိုသည်မှာ Logic ကို ဘာသာပြန်ထားသော တက္ကဗေဒကို ရှင်းပြသည့် ကျမ်းဖြစ်သည်။

အကျိုးပြုစာပေထဲတွင် ပါဝင်သော တိုးတက်ရေးကျမ်းများကို တက်ကျမ်းဟု မသုံးချင်သဖြင့် အားဖြည့်လမ်းညွှန်ကျမ်းဟုကျွန်တော်သုံးပါသည်။ သို့သော် တက်ကျမ်းဆိုသည့်အသုံးက တွင်ကျယ်ခိုင်မာသွား၍ အများသုံးကို လိုက်နာရပါမည်။

တက်ကျမ်းနှစ်မျိုးရှိ၏။ မိမိ၏ စိတ်ကူးများ၊ ဇာတ်နိပါတ်မှ ဥပမာများ၊ အခြားအောင်မြင်သူများ၏ လုပ်ရပ်များ၊ နိုင်ငံခြားတက်ကျမ်းများ စသည်တို့မှ ကောင်းနိုးရာရာကို ထုတ်နုတ်၍ ကျမ်းပြုထားခြင်းဖြစ်သည်။ ပရိသတ်၏ကောင်းကျိုးကို ရည်ရွယ်သောကြောင့် လေးစားသင့်သော စာမျိုးဖြစ်ပါသည်။ နောက်တစ်မျိုးမှာ အောင်မြင်သူတစ်ဦးက ကိုယ်တွေ့လုပ်ရပ်များ ကိုယ်ပိုင်နည်းများကို ပြန်လည်မျှဝေခြင်းဖြစ်သည်။ လူ့သဘာဝမှာ ပုဂ္ဂိုလ်ခင်မှ တရားမင်တတ်သည်။ လက်တွေ့မျက်မြင် အောင်မြင်ကြီးပွားနေသူ၏ ကိုယ်တွေ့များကို သဘောကျတတ်ကြသည်။ တကယ်လက်တွေ့ လုပ်ပြခဲ့တာပဲ။ ဘာမဟုတ်ညာမဟုတ်နဲ့ သီအိုရီတွေ ရွတ်ပြနေတာမဟုတ်ဘူးပဲဟု မြင်လာပြီး သူ့လိုအောင်မြင်အောင် ကြိုးစားချင်စိတ် ပြင်းပြလာတတ်သည်။

တိုင်းမင်းကြီးဟုခေါ်သော ပြည်နယ်/တိုင်းဦးစီးမှူးအဆင့်အထိ ရာထူးကြီးခဲ့သော စည်သူဦးတင်လှိုင်သည် လယ်တွင်းသားစောချစ် ကလောင်အမည်ဖြင့် စာကောင်းပေကောင်းများစွာ ရေးပြီးစာပေဆုများ ဂုဏ်ထူးများရခဲ့သူဖြစ်သည်။ သူငယ်စဉ်ဘဝက စာဆိုပေဆိုးများ၏လွှမ်းမိုးမှုကြောင့် အတွေးချော်ပြီး စိတ်လေလွင့်ကာ ဆယ်တန်းဆက်မဖြေဘဲ ခြောက်နှစ်လောက်နေခဲ့ဖူးသည်။ ဆရာကြီးပီမိုးနင်း၏ တက်ကျမ်းများကို ဖတ်မိပြီးအမြင်သစ်၊ အင်အားသစ်တွေရကာ ကြိုးစားလိုက်ရာ ဂုဏ်ထူးများနှင့်အောင်မြင်သည့်အပြင် တက္ကသိုလ်တွင် လူရည်ချွန်ဆုကိုပါ တစ်ကြိမ်မက ရလိုက်သေးသည်။ ငယ်စဉ်က ရည်ရွယ်ခဲ့သည့်အတိုင်း စာရေးဆရာဖြစ်အောင်ကြိုးစား၍ စာပေဖြင့် တိုင်းကျိုးပြည်ကျိုးဆောင်သည့်အပြင် စာသင်ခန်းများ၊ ဟောပြောပွဲစင်မြင့်များမှ တစ်ဆင့်လူငယ်များစွာကို ပညာရေးလမ်းကြောင်းပေါ် ပြန်တင်ပေးခဲ့သည်။ဤစာအုပ်တွင် စာမေးပွဲကို ရင်ဆိုင်နည်းများသာမက စာရေးဆရာဖြစ်အောင် ကြိုးစားရခြင်းတွေကိုပါ ရေးပြထားရာ စာပေဝါသနာရှင် လူငယ်များအတွက် တန်ဖိုးကြီးပါသည်။ ဤစာအုပ်အကြောင်းကို ကျွန်တော်ယခင်ကလည်း ညွှန်းခဲ့ပြီးပါပြီ။ စာပေပွဲတစ်ပွဲတွင် သူတို့အားကျသော ပရဟိတသမားလူငယ်ကလေးကို တွေ့ရဖို့ မိုးကုတ်တို့၊မြိတ်တို့မှပင် လာရောက်ကြသော လူငယ်ထုကိုမြင်လိုက်ရ၍ ဤစာအုပ်ကို ပြန်ညွှန်းပေးသင့်သည်ဟု တွေးမိပြီး ထပ်ရေးလိုက်ရပါသည်။

**လယ်တွင်းသားစောချစ်**
**အောင်စိတ်ဖြင့်ထူးချွန်စွာအောင်မြင်နည်း**
**ပန်းမြိုင်လယ်စာပေ ၀၁-၆၃၅၂၆၂**

ကဗျာစာအုပ်

အမှာစာတွင် သိပ္ပံပညာရှင်ဒေါက်တာတင်လှိုင် (စာရေးဆရာဘိုးလှိုင်)က Poetry is the collection of choicest words, arranged in the finest order ဟူသော အဆိုအမိန့်ကို ကိုးကားထားသည်။ ကဗျာဆိုသည်ကို choicest words နှင့် finest order ဆိုသော စကားနှစ်လုံးသာသုံးစွဲ၍ အနှစ်ချုပ်ပေးလိုက်ခြင်းဖြစ်သည်။ နောင်အခါတွင် ကဗျာဖတ်လျှင် Choicest words (ဆရာမောင်သာနိုးစကားဖြင့်ပြောရလျှင် စကားလုံးယူရေနီယံ) ခေါ် အကောင်းဆုံးကြံစည်ရွေးထုတ်ထားသည့် စကားလုံးများနှင့်ထိုစကားလုံးတို့ကို finest order (အလှဆုံးပုံစံ)ဖြင့် သီကုံးထားမှုတို့ကို စိစစ်ရမည်ဟု ပညာရသွားပါသည်။

ဤစာအုပ်ကို မိတ်ဆက်ပွဲတွင် ဆရာတစ်ဦးက ဘာမှအထွေအထူးဦးနှောက်ခြောက်ခံ စဉ်းစားစရာမလိုတဲ့ လိုရင်းဒက်ခနဲကဗျာများဟု ဆိုပါသည်။ ရပ်တည်ချက်၊ ရည်ရွယ်ချက်နှင့်စေတနာကို ရှင်းရှင်းမြင်နိုင်သော ကဗျာများဟုပြောရပါမည်။

**နှိုင်းတင့်နိုး**
**ပင့်သက်ရှိုက်သံနှင့်အခြားကဗျာများ**
**စံနန်းထိုက်စာပေ၊ တောင်တွင်းကြီး။**

# လူမှုမီဒီယာအသုံးပြု၍ လူမျိုးရေး၊ ဘာသာရေး ထိပါးပုတ်ခတ်ရေးသားမှုများ ရှောင်ရှား

**နေပြည်တော် အောက်တိုဘာ ၂၅**

Cyber Space ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ကမ္ဘာကြီးတွင် လူမှုဆက်ဆံမှု လွန်စွာများလာပါကြောင်း၊ ယနေ့တွင် ဆက်သွယ်ရေးများစွာကောင်းလာပြီဖြစ်၍ တစ်ကမ္ဘာလုံး ဖြန့်ကြက်ဆက်သွယ်ကြပါကြောင်း၊ ဆက်သွယ်ရေးကောင်းသည့် ယနေ့ခေတ်တွင် ဆက်သွယ်လုပ်ဆောင်နေသည့် အလုပ်သက်ရောက်မှုများမှာ ထင်ထင်ရှားရှား ဖြစ်လာပါကြောင်း၊ IT ဟုခေါ်သည့် ဒစ်ဂျစ်တယ်၊ အင်တာနက်များသည် Cyber Space နှင့် ပတ်သက်နေသည့် အရာများဖြစ်ကြောင်း၊ နည်းပညာများ၊ ပစ္စည်းကိရိယာများကို အသုံးပြု၍ Cyber Space ပေါ်မှ မိမိအယူအဆများကို အမျိုးမျိုးအဖုံဖုံ ဖြန့်ချိ၍ ရပါကြောင်း၊ Cyber Space မှ ကမ္ဘာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စမျိုးစုံကို လှုပ်ရှားဆောင်ရွက်နေကြပါကြောင်း၊ IT နည်းပညာ ရှိလာခြင်းဖြင့် ကမ္ဘာတွင် ဖြစ်ပျက်နေသမျှကို အချိန်နှင့် တစ်ပြေးညီ သိရှိလေ့လာနိုင်ပါကြောင်း။

ယနေ့ခေတ် ကမ္ဘာကြီးတွင် နည်းပညာအသုံးချလုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ သိရှိနားလည်ထားရန်လိုကြောင်း၊ ၎င်းကိုသိရှိပြီး တိုးတက်အောင် ကြိုးစားမည်ဆိုပါက တစ်ဦးချင်းတိုးတက်လာပြီး မိမိဌာန၊ တိုင်းပြည်လည်း တိုးတက်လာမည်ဟု မြင်ပါကြောင်း၊ ယနေ့ဝန်ကြီးဌာန သုံးခုမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ထားပြီး ၎င်းတို့က လေ့လာဆည်းပူးထားသည့် အတတ်ပညာများကို မျှဝေပေးနိုင်သလောက် ပေးသွားမည်ဖြစ်ပြီး ရသလောက်ယူစေလိုပါကြောင်း၊ ဆက်လက်၍လည်း Cyber နှင့်ပတ်သက်၍ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူးကြီး မိုးအောင်က MPT၊ တယ်လီနော၊ အော်ရီဒူး စသည့် ဆက်သွယ်ရေးအော်ပရေတာ သုံးခု ပြိုင်ဆိုင်ဆောင်ရွက်မှုများကြောင့် မိမိတို့နိုင်ငံ၏ အင်တာနက်ကဏ္ဍ တိုးတက်လာကြောင်း၊ ကမ္ဘာတွင် ဆက်သွယ်မှုကောင်းမွန်လာသည့်အတွက် မီဒီယာများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ Cyber လုံခြုံရေးကို ခြိမ်းခြောက်လာကြောင်း၊ ကြိုတင်ကာကွယ်မှု မှုခင်းအပိုင်းများကို တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာကဏ္ဍတွင်လည်း အထက်ဌာနများ၏ ညွှန်ကြားချက်များ၊ အစည်းအဝေးများတွင်ပါသည့် အချက်များ ပြင်ပကိုပေါက်ကြားပြီး ပြည်တွင်း၊ ပြည်ပသတင်းဌာနများကို ရောက်ရှိသွားသည်ကို တွေ့ရှိရကြောင်း၊ သတင်းပိုင်းအနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် တရားဝင်မှတ်ပုံတင်၍ တင်ပြနေသည့် သတင်းမီဒီယာများက ၎င်းတို့သတင်းရင်းမြစ်ကို တိကျစွာတင်ပြသော်လည်း Personal အရ ထောင်ထားသည့် Page များမှာ ၎င်းတို့လိုချင်သည့်ပုံစံနှင့် အစိုးရ၊ ဝန်ကြီးဌာနအသီးသီးကို တိုက်ခိုက်ရေးသားဖော်ပြနေမှုများရှိနေကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအဆင့်ရှိ ရုံးစာများကို ထိန်းသိမ်းသွားရမည့်တာဝန်ရှိကြောင်း၊ ရုံးဌာနများကို တိုက်ခိုက်နေသည့် မီဒီယာများအနေဖြင့် Cyber Space ကို အသုံးချဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ အင်တာနက်ကိုသုံးသည့်နေရာတွင် ကောင်းသည့်ဘက်တွင် သုံးသူကကောင်းသည်ကို သုံးသော်လည်း ဆိုးသည့်ဘက်ကိုသုံးသည့်သူက အဆိုးကိုသာသုံးမည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာကို အသုံးပြု၍ လှုံ့ဆော်မှုများလည်း ဆောင်ရွက်နိုင်ကြောင်း။

နည်းပညာထွန်းကားလာသည်နှင့်အမျှ မိမိတို့နိုင်ငံတွင် ကြုံတွေ့နေရသည့် ဆိုက်ဘာမှုခင်း အခြေအနေများနှင့် ကြိုတင်ကာကွယ်မှုနည်းလမ်းများ သိရှိနားလည်စေရန်ဖြစ်ကြောင်း။

မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များမှာ ဆိုက်ဘာလုံခြုံရေးဆောင်ရွက်ခြင်း၊ အင်တာနက်အား စောင့်ကြပ်ထိန်းသိမ်းခြင်း၊ Cyber Crime ဆိုင်ရာ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှုအား တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဆိုက်ဘာမှုခင်းများ စုံစမ်းဆောင်ရွက်ခြင်း၊ ဆိုက်ဘာမှုခင်းဆိုင်ရာ သက်သေခံပစ္စည်းများ စစ်ဆေးဆောင်ရွက်ခြင်း၊ လောင်းကစားမှုများနှင့်ပတ်သက်၍လည်း လုပ်ဆောင်နေသူ၏ ဘဏ်အကောင့်များ သိရှိရန်အတွက် ဆောင်ရွက်နေပါကြောင်း၊ ဆိုက်ဘာနှင့်ပတ်သက်လာလျှင် မိတ်ဖက်ဝန်ကြီးဌာနများ၊ ပြင်ပနည်းပညာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် INTERPOL, ASEANPOL နှင့် UNODC အဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။




> **"MPT၊ တယ်လီနော၊ အော်ရီဒူး စသည့် ဆက်သွယ်ရေးအော်ပရေတာ သုံးခု ပြိုင်ဆိုင်ဆောင်ရွက်မှုများကြောင့် မိမိတို့နိုင်ငံ၏ အင်တာနက်ကဏ္ဍတိုးတက်လာ၊ ကမ္ဘာတွင် ဆက်သွယ်မှုကောင်းမွန်လာသည့်အတွက် မီဒီယာများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ Cyber လုံခြုံရေးကို ခြိမ်းခြောက်လာ"**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးကျော်သူဝင်းက နည်းပညာအခေါ်အဝေါ်များကို နိုင်ငံတကာအလိုက် သတ်မှတ်ထားကြောင်း၊ cyber attack , client attack စသဖြင့် ဖြစ်ကြောင်း၊ Hacking မှာ ကျယ်ကျယ်ပြန့်ပြန့် မရှိတော့ကြောင်း၊ DOS DTS ဆိုသည်မှာ လူတစ်ယောက်ကို ဖုန်းဖြင့် နှောင့်ယှက်ခြင်းပုံစံမျိုးဖြစ်ကြောင်း၊ ယင်းကို နည်းပညာအရ ကာကွယ်ရန် blacklist လုပ်၍ရကြောင်း၊ မြန်မာတွင် အဖြစ်အများဆုံး Cyber Crime များမှာ ဆိုရှယ်မီဒီယာကို အသုံးပြုပြီး အခြားသူများအား အသရေပျက်စေသည့် စာသားများ၊ ပုံများတင်၍ အသရေဖျက်ခြင်းတို့ဖြစ်ကြောင်း၊ ယနေ့ခေတ် လူမှုကွန်ရက်မီဒီယာများ ပေါ်လာသည့်အခါ သတင်းများ မြန်ဆန်စွာ ဆက်သွယ်ဖြန့်ချိနိုင်ကြောင်း၊ အင်တာနက်အသုံးပြုသူ ၁၅ သန်းတွင် ဖေ့စ်ဘွတ်သုံးသည့်သူ ၁၅ သန်းရှိသည့်အတွက် အင်တာနက်သုံးသူတိုင်း ဖေ့စ်ဘွတ်သုံးသည်ကို တွေ့ရှိရကြောင်း၊ အများစု၏ အချိန်များသည် ဖေ့စ်ဘွတ်သုံးခြင်းဖြင့် ကုန်လွန်နေသည်ကို တွေ့ရကြောင်း၊ ထိုသို့သုံးစွဲရာမှ ၅၃ ရာခိုင်နှုန်းသည် လူမှုမီဒီယာသုံးစွဲမှုသည် အကျင့်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားကြောင်း။

လူမှုမီဒီယာ အသုံးပြု၍ လူမျိုးရေး၊ ဘာသာရေး ထိပါးပုတ်ခတ်မှုများ ရေးသားရာမှ ပဋိပက္ခများဖြစ်ရန် လှုံ့ဆော်နိုင်ကြောင်း၊ ဖေ့စ်ဘွတ်ကို အကောင်းဘက် ဦးတည်အသုံးပြုသူများရှိသလို အဆိုးဘက် ဦးတည်သုံးသူများလည်း ရှိကြောင်း၊ Cyber လုံခြုံရေး ထိခိုက်နိုင်သည့် ဖြစ်စဉ်များ ဖြစ်ပွားပါက သက်ဆိုင်ရာ Cyber လုံခြုံရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲမှူး ဖြိုးမြတ်မောင်က e-Government စနစ်နှင့် စပ်လျဉ်း၍** ၂၀၁၇ ကစပြီး ပြည်ထဲရေးဝက်ဘ်ဆိုက်ကို လွှင့်တင်ခဲ့ကြောင်း၊ ဝက်ဘ်ဆိုက်များအား ပြည်သူသို့ချပြရာတွင် အသေးစိတ်ကအစ စစ်ဆေးရကြောင်း၊ အောက်ခြေပြည်သူလူထုအနေဖြင့် အခြေခံမိုဘိုင်းဖုန်းများကို ကိုင်ဆောင်ကြပြီး တချို့တွင် myanmar 3 font များ မပါဝင်ကြောင်း၊ ထို့ကြောင့် ဝက်ဘ်ဆိုက်ကို ဇော်ဂျီ myanmar 3 နှစ်ခုစလုံးဖြင့် လွှင့်တင်ခဲ့ရကြောင်း၊ EDMS အပိုင်းအရ ၂၀၁၇ ခုနှစ် မတ်လအကုန်တွင် version အသစ်ဖြင့် EDMS ကို ပြောင်းသုံးရန် ဆင့်ပွားသင်တန်းများပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခရိုင်အဆင့်မှ ဦးစီးဇယားဆွဲပြီး ကြပ်မတ်ကာ EDMS ပေးပို့ခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ဆွေးနွေးပြောကြားသည်။

**ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက** ဆိုက်ဘာ လုံခြုံရေးဟုဆိုရာတွင် IT နည်းပညာ ကွန်ရက်ကို အသုံးပြုလျှင် ဆိုက်ဘာထဲတွင် ပါဝင်ကြောင်း၊ သုံးစွဲသူ ၁၅ သန်းတွင် ၁၄ သန်းခန့်သည် မိမိတို့အကောင့်ကို Log out လုပ်လေ့မရှိကြောင်း၊ နားလည်ရန် လိုအပ်နေပါသေးကြောင်း၊ ဝက်ဘ်ဆိုက်များ အတိုက်ခံရလျှင် သိစေချင်သည့်အချက်အလက်များသိလို၍ ယူသွားသည်၊ အသစ်ပြန်လုပ်မည်ဆိုသည်သာ နားလည်ကြကြောင်း၊ မိမိတို့အများစုမှာ g-mail ကို သုံးကြကြောင်း၊ g-mail Server ကို ဖြတ်သန်းသွားရကြောင်း၊ ထောင်ပေါင်းများစွာသော g-mail ကို နည်းပညာအရ ဖတ်နိုင်အောင်လုပ်ထားကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာနနှင့် ပတ်သက်၍ g-mail သုံးမည်ဆိုလျှင် ဌာန g-mail ကိုသာ ပေးစေလိုကြောင်း၊ free is not free သာဖြစ်ကြောင်း၊ မိမိတို့အချက်အလက်များ ပေါက်ကြားနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း။

ဆိုက်ဘာလုံခြုံရေးတွင် သုံးခု ကျိုးပေါက်နိုင်ကြောင်း၊ (၁) User (၂) ကွန်ရက် (ဆက်သွယ်ရေးအော်ပရေတာများ) (၃) ICT Device ဟူ၍ ဖြစ်ကြောင်း၊ ICT Access တွင် အားလုံးရင်းနှီးသည့် မိုဘိုင်းဖုန်းကိုပြောလိုကြောင်း၊ မိမိဖုန်းကို မိမိသုံးသည်သာဖြစ်သော်လည်း ပျက်၍ သွားရောက်ပြင်လိုက်ပါက မိမိအချက်အလက်များ မလုံခြုံတော့ကြောင်း၊ ထို့ကြောင့် ဖုန်းပေါ်တွင် မိမိအတွက် အရေးကြီးသည့် အချက်အလက်များ မထားစေလိုကြောင်း၊ လုံခြုံရေးအသိရှိရှိနှင့် သုံးရန်လိုကြောင်း၊ User နှင့် ပတ်သက်လျှင် ပို၍အဓိကကျကြောင်း၊ User ကြောင့် လုံခြုံရေးကျိုးပေါက်နိုင်ကြောင်း၊ ထို့ကြောင့် User များကို ထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရုံးဌာနများတွင် ကွန်ပျူတာ Network ကို သုံးသည့်အခါ လိုက်နာရမည့် ညွှန်ကြားချက်များကို အထက်အဆင့်ဆင့်ကို တင်ပြ၍ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ အဆိုပါ Guideline သည် မိမိကို ကာကွယ်ပေးသည့်အရာလည်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်က မိမိတို့ဌာနအနေဖြင့် ဝက်ဘ်ဆိုက်သုံးခု၊ Trade Portal သုံးခုဖြင့် ဆောင်ရွက်နေကြောင်း၊ အွန်လိုင်းမှငွေကြေးပေးသွင်းမှုများ ဆောင်ရွက်နိုင်ရန် e-Payment စနစ် ဆောင်ရွက်နေကြောင်း၊ ပို့ကုန်/သွင်းကုန် အထည်ချုပ်လုပ်ငန်းများအတွက် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားကြောင်း၊ အမိန့်ညွှန်ကြားချက်များကို နေ့စဉ် Update လုပ် လွှင့်တင်ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်မှုသတင်းများကို Commerce Journal Website တွင် လွှင့်တင်ထားကြောင်း။

Myanmar Tradenet Website ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ Myanmartradenet အသင်းဝင်များအနေဖြင့် လိုင်စင်လျှောက်ထားနိုင်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသတင်းများ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာသတင်းများ၊ နယ်စပ်ကုန်သွယ်မှုသတင်းများ၊ ကုန်စည်ပြပွဲသတင်းများကို အချိန်နှင့်တစ်ပြေးညီလွှင့်တင်ထားကြောင်း၊ IELPS (Import Export License & Permit System) ကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်/သွင်းကုန် လိုင်စင်နှင့်ပါမစ်များ၊ မော်တော်ယာဉ် ပါမစ်များကို ရန်ကုန်၊ နေပြည်တော်တွင် လျှောက်ထားနိုင်သော စနစ်ဖြစ်ကြောင်း၊ နောက်စနစ်တစ်ခုမှာ BTOS (Border Trade Online System) ဖြစ်ကြောင်း၊ နယ်စပ်စခန်းများတွင် ကုန်သွယ်မှုလုပ်ငန်းများအတွက် စီးပွားကူးသန်း၊ အကောက်ခွန်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်ဌာနများမှ One Stop Services (OSS) စနစ်နှင့် ဆောင်ရွက်သည့် စနစ်တစ်ခုဖြစ်ကြောင်း။

MPU (Myanmar Payment Union) စနစ်ကို ၂၀၁၇ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး KBZ ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နေပြည်တော်၊ ရန်ကုန်သာမက မူဆယ်၊ မြဝတီရှိ ပို့ကုန်/သွင်းကုန် လိုင်စင်များနှင့် အခြားပေးသွင်းရသည့် ငွေကြေးပေးသွင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ Fully Online စနစ်တွင်လည်း အသုံးပြုနိုင်ရန် ချိတ်ဆက်ထားကြောင်း၊ Trade Data Reporting System ကို တင်သွင်းတင်ပို့သည့် ပစ္စည်းများ၏ အမှန်တင်စာရင်းအား အကောက်ခွန်ဦးစီးဌာနနှင့် နယ်စပ်စခန်းများမှရယူ၍ Trade နှင့် ပတ်သက်သည့် စာရင်းများ ပြုစုမှုများအတွက် ဆောင်ရွက်ထားသည့် စနစ်ဖြစ်ကြောင်း၊ e-Bio (Employee Bio Data Information System) မှာ ဆက်သွယ်ရေးက ဆောင်ရွက်နေသည့် GPMS စနစ်ကဲ့သို့ ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များအား စနစ်တကျထည့်သွင်းထားရှိပြီး လိုအပ်သည့်အချိန်တွင် report ထုတ်ယူနိုင်ရန် ဆောင်ရွက်ထားရှိပြီး အဆိုပါစနစ်တွင် Attendances စနစ်နှင့်ချိတ်ဆက်၍ Payrolls တွက်ချက်နိုင်ရန် တိုးချဲ့ဆောင်ရွက်ထားကြောင်း၊ DEMS (Document Exchange Management System) မှာ ရုံးတွင်းစာပေးပို့သည့် စနစ်အား Manual မှ Electronic စနစ်ဖြင့် Paper less စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများအတိုင်း ပြင်ဆင်ဖြည့်စွက်၍ File သိမ်းဆည်းသည့်စနစ်များ၊ Digital Code ဖြင့် လက်မှတ်ရေးထိုးမှုအပြင် Signature Pad ဖြင့် လက်မှတ်ရေးထိုးနိုင်သည့် စနစ်များပါဝင်အောင် ဆောင်ရွက်ထားရှိသည့် စနစ်တစ်ခုဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းပပသူက Digital Economy၊ e-Commerce တို့နှင့် စပ်လျဉ်း၍** e-Commerce ဆိုသည်မှာ အီလက်ထရွန်နစ်နည်းပညာများသုံး၍ ဆောင်ရွက်သည့်နည်းဖြစ်ကြောင်း၊ စီးပွားရေး၏သွင်ပြင်လက္ခဏာများမှာ လုပ်ငန်းဆောင်ရွက်မှုများကို အီလက်ထရွန်နစ် နည်းပညာများဖြင့် ဆောင်ရွက်ခြင်း၊ အလုပ်ရှင်၊ အလုပ်သမား၊ ဝယ်ယူ၊ ရောင်းချမှုများကို အကျိုးရှိရှိ ချိတ်ဆက်နိုင်ပြီး မျှဝေနိုင်ကြောင်း၊ **စာမျက်နှာ ၈ သို့**

# အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရန်ကုန်ရုံးတွင် ကျင်းပသည်။

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးက ရရှိလာသည့် ရလဒ်များအား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)တွင် ပြန်လည်၍ ဆွေးနွေးဆုံးဖြတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှုပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲက အစည်းအဝေးတွင် ပြောကြားသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲတို့က အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက "NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေးအစည်းအဝေးဟာ လိုလိုလားလားနဲ့ ဆောင်ရွက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ NCA နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ ဘယ်လောက်ပြီးစီးသလဲ၊ ဘယ်လောက်ဆောင်ရွက်နိုင်ခဲ့သလဲ၊ ဘာတွေရှေ့ဆက်ဖို့လိုသလဲဆိုတာ ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ NCA မှာ ဆောင်ရွက်ရမယ့် လုပ်ငန်း တော်တော်များများကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ပြန်လည်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေအပေါ်မှာ အားသာချက်တွေ၊ အားနည်းချက်တွေ၊ NCA မှာ ပါဝင်တဲ့ အခန်းအလိုက် ခေါင်းစဉ်တွေမှာ လိုအပ်နေတာတွေ၊ ဖြည့်တင်းစရာရှိတာတွေ၊ ဆက်လက်ဆောင်ရွက်စရာရှိတာတွေကို ဒီကနေ ဆွေးနွေးညှိနှိုင်းကြဖို့ပဲဖြစ်ပါတယ်။



**NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပစဉ်။**

NCA အစိတ်အပိုင်းရဲ့ ရာနှုန်းပြည့်နီးပါးကို တိုင်းရင်းသားတွေဘက်ကပဲ အဆိုပြုထားပြီးတော့ အဆိုပြုလာတဲ့အချက်တွေကို ယခင်အစိုးရလက်ထက်ကပဲ ဆွေးနွေးညှိနှိုင်းကြပြီးတော့ Single-Text ရအောင် ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့ NCA ကို အဓိကထားပြီး အားနည်းချက်တွေရှိတယ်ဆိုလည်း လုပ်ငန်းလမ်းညွှန်နဲ့ လုပ်ထုံးလုပ်နည်းတွေအပေါ်မှာ တိုးချဲ့ပြီး ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးလိုပါတယ်"ဟုပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NCA စာချုပ်အား အကောင်အထည်ဖော်လာသည်မှာ နှစ်နှစ်ကျော်လာခဲ့ပြီး NCA ကို ယခင်ကတည်းက ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်ကို ပေါင်းစပ်ပြီး စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုအပိုင်းတွင် အခုကဲ့သို့ ဖြစ်စဉ် (Process) များနှင့် လုပ်ဆောင်ခဲ့ခြင်းမဟုတ်သောကြောင့် ဖြစ်ပေါ်လာသည့် ဖြစ်စဉ်များကို အရှိန်အဟုန်ဖြင့် ထိန်းသိမ်းသွားဖို့ လိုအပ်ကြောင်း၊ ဖြစ်စဉ်ကို ကြည့်ရှုထိန်းသိမ်းသည့် တည်ဆောက်မှုအပိုင်း (Structure)အတွက် JMC နှင့် UPDJC တွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ လက်ရှိသွားနေသည့် ဖြစ်စဉ်ကို အရှိန်အဟုန်ဖြင့် ထိန်းသိမ်းသွားဖို့ လိုအပ်ပါကြောင်း ပြောကြားသည်။

"စေ့စပ်ညှိနှိုင်းဆွေးနွေးတဲ့ ဖြစ်စဉ်တစ်ခုကို အရှိန်အဟုန်မပြတ်အောင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ ကျွန်တော်တို့ အစိုးရဘက်ရော ဒီအခြေအနေကို ညှိနှိုင်းပြီးတော့မှ ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ NCA ရဲ့ မူဘောင်ထဲမှာ ဖော်ပြထားတာက ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားရမယ်ဆိုတာပါ။ ဒီအရာဟာ ကျွန်တော်တို့အတွက် ရည်မှန်းချက်ပန်းတိုင်ပါ။ ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့အတွက် NCA ဆိုတဲ့ ဖြစ်စဉ်တစ်ခုကို ကျွန်တော်တို့ ညှိနှိုင်းနေကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့မှာ NCA Process အပိုင်းမှာ ဘယ်နေရာက ရပ်တန့်နေလဲ၊ ဘယ်နေရာမှာတော့ အရှိန်အဟုန်နဲ့သွားနိုင်အောင် လုပ်ဖို့လိုသလဲဆိုတာကို နှစ်ဖက်ကျေကျေလည်လည်နဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညီအစ်ကိုရင်းစိတ်ဓာတ်နဲ့ ဆွေးနွေးကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)တွင် အခန်း(၁) အခြေခံမူများ၊ အခန်း(၂)ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ၊ အခန်း(၃)ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာအောင် လုပ်ဆောင်ခြင်း၊ အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ၊ အခန်း(၆)ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အခန်း(၇) အထွေထွေဟူ၍ အခန်း(၇)ခန်းပါရှိသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲက NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်သည် မိမိတို့တိုင်းပြည်အတွက် အလွန်အရေးကြီးသည်ကို မိမိတို့ NCA လက်မှတ်ထိုးထားသည့် ရှစ်ဖွဲ့လုံးက ခံယူထားကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် တံခါးပေါက်တစ်ခုဖြစ်သည်ကို နားလည်ထားပါကြောင်း၊ NCA သည် မပြည့်စုံသော်လည်း အားနည်းချက်၊ အားသာချက်တွေကို ပြုပြင်ကြမည်ဆိုသည့် ဘုံသဘောထားများရှိသည်ကိုတွေ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုပြုလုပ်သည့် NCA အကောင်အထည်ဖော်မှု အတူတကွ ပြန်လည်သုံးသပ်ခြင်းကို ဝမ်းပန်းတသာကြိုဆိုခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ချက်ချင်းသဘောတူ၍ ယခုအစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်တဲ့အခါမှာ ကျွန်တော်တို့လက်တွေ့ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီမှာ အခက်အခဲတွေ တွေ့ပါတယ်။ မလုပ်ရသေးတာလည်း ရှိပါတယ်။ အဲဒီအခက်အခဲတွေ ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ဒီနေရာမှာ ရှာနေတာဖြစ်ပါတယ်။ NCA စာချုပ်ထဲမှာပါတဲ့ အခန်း(၁)နဲ့ အခန်း(၂)က မူသဘောဆောင်ရွက်ချက်ဖြစ်ပါတယ်။ အခန်း(၃)နဲ့ အခန်း(၄)မှာ ကျွန်တော်တို့ JMC လိုဟာမျိုး လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အခန်း(၅)လိုအရာမျိုး နိုင်ငံရေးနဲ့ဆိုင်တဲ့ လမ်းပြမြေပုံကိစ္စတွေ၊ UPDJC ကိစ္စတွေဖြစ်ပါတယ်။ အခန်း(၆)မှာက ကြားကာလ အစီအစဉ်ဖြစ်ပါတယ်။ ဒါဟာ တစ်ဦးနဲ့ တစ်ဦးကြားမှာ လုပ်ရမယ့် ပညာရေးဆိုင်ရာ၊ ဒုက္ခသည်ဆိုင်ရာ၊ တပ်ပိုင်းဆိုင်ရာ စသည်ဖြင့်ကိစ္စတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အခန်းလိုက် အခန်းလိုက် အတူတကွ ကျော်ဖြတ်သွားကြမယ်"ဟု ရဲဘော်သံခဲက ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ် ၁၁ ဦးနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၁ ဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးကို သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေး အတူတကွ ကြိုးပမ်းတည်ဆောက်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် မူကြမ်းအဖြစ် ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် NCA စာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နှစ်ကျော်အကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)၊ DKBA (ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO(ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တပ်ဦး)၊ RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)တို့ ဖြစ်ကြသည်။

သတင်း - ရဲခေါင်ညွန့်
ဓာတ်ပုံ - ဖိုးထောင်

---

❍ စာမျက်နှာ ၇ မှ

Personalize တွင် အသုံးပြုသူများအနေဖြင့် ကြိုက်နှစ်သက်သည်ကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ e-Government ကို ၂၀၀၅ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း Unit Platfrom တစ်ခုလည်း လိုအပ်လာပြီဖြစ်ကြောင်း၊ ICT ကဏ္ဍ၏အရေးပါမှုကို အကျိုးရှိရှိအသုံးချနိုင်လျှင် လွန်စွာအကျိုးရှိသည်ကို တွေ့ရကြောင်း၊ ကောင်းကျိုးရှိသလို ဆိုးကျိုးလည်းရှိသည်ကို သတိထားရမည်ဖြစ်ကြောင်း။

ဖေ့စ်ဘွတ်ကို အသုံးချ၍ စီးပွားဖြစ်သွားသူများလည်း ရှိကြောင်း၊ ကောင်းသည့် အကျိုးရလဒ်များစွာရှိကြောင်း၊ အွန်လိုင်းမှာ Market အတွက်အလွန်ပင် ကောင်းမွန်ကြောင်း၊ စနစ်တကျဆောင်ရွက်နိုင်မည်ဆိုလျှင် e-Commerce လည်း အောင်မြင်လာမည်ဖြစ်ကြောင်း၊ အောင်မြင်လာသည်နှင့် ဆိုက်ဘာလုံခြုံရေးလည်း အရေးကြီးလာပြီဖြစ်ကြောင်း၊ ထို့အပြင် နှစ်ဦးနှစ်ဖက်ကြား ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ဘယ်လိုဥပဒေနှင့် ထိန်းကျောင်းမည်လဲဆိုသည်က လိုအပ်လာကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မြစိမ်းရောင်ကျေးရွာများမှ ရန်ပုံငွေကြီးကြပ်ရေးအဖွဲ့ဝင်များအား ငွေစာရင်းထိန်းသိမ်းအသုံးပြုနည်းဆိုင်ရာသင်တန်းအား အဆိုပါရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ဖွင့်လှစ်ရာ မြို့နယ်ဒုတိယဦးစီးမှူး ဦးသက်ထွန်းအောင် အမှာစကားပြောကြားစဉ်။**
တင်ဝင်းဇော်(မင်းသားကြီး)

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-II နေပြည်တော် MICC-II ၌ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-II ပြိုင်ပွဲ၏ ပွဲစဉ်(၃)ကို အောက်တိုဘာ ၂၈ ရက်တွင် လည်းကောင်း၊ ပွဲစဉ်(၄)ကို အောက်တိုဘာ ၂၉ ရက်တွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန MICC-II ၌ ည ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော်(Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းပြုလုပ်ခဲ့ရာ Level-I ပဏာမအသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကမ္ဘာ့တံခွန်စိုက် နဂါးလှေပြိုင်ပွဲ အောင်ပွဲရမြန်မာ့ရိုးရာလှေလှော်အဖွဲ့အား ကြိုဆို

**ရန်ကုန် အောက်တိုဘာ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ အပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (13th IDBF World Nations Championship)ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလှေအဖွဲ့မှ ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့်ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိခဲ့ရာ အောက်တိုဘာ ၂၃ ရက်က မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်တို့ ဦးဆောင်၍ အုပ်ချုပ်/နည်းပြ ခုနစ်ဦး၊ ကစားသမားအမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၃၁ ဦးတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့်ပရိသတ်များက ကြိုဆိုကြသည်။

ပွဲစဉ်အရအမျိုးသား/အမျိုးသမီး (၁၀) တက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းသည် ရေလမ်းကြောင်း ဘေးတစ်ဖက်တစ်ချက်မှ လှိုင်းရိုက်ခတ်မှုကြောင့် လှော်တက်ကျိုးခဲ့၍ ပြိုင်ပွဲ၌ ပဉ္စမနေရာရရှိခဲ့သည်။ အမျိုးသား/အမျိုးသမီး (၁၀)တက်လှော်မီတာ ၅၀၀ ပြိုင်ပွဲတွင် ထိုင်းနိုင်ငံက ပထမ၊ မြန်မာနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် အိမ်ရှင်တရုတ်နိုင်ငံက တတိယရရှိခဲ့သည်။ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာက တတိယကြေးတံဆိပ်တို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**(အား/ကာ)**

# MPT နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်းအသက်ကယ်နည်းလမ်းများ ဖြန့်ဝေမည်



**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ၏ လူမှုပတ်ဝန်းကျင်များ၊ မြန်မာလူငယ်များအကြား ရှေးဦးပြုစုခြင်းဗဟုသုတများကို ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် MPT တို့ ပူးပေါင်းဆောင်ရွက်၍ ကျန်းမာရေးဆိုင်ရာလှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို စတင်လိုက်ပြီဖြစ်သည်။ အဆိုပါ "First Aid For All" အစီအစဉ်တွင် လူမှုအကျိုးပြုလုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး ကျန်းမာရေးကဏ္ဍကို အထောက်အပံ့ဖြစ်စေမည့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်အတွက် လိုအပ်သည့် ရှေးဦးပြုစုခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများကို အများပြည်သူတို့ သိရှိလုပ်ဆောင်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို ယခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မတ်လအထိ ပြုလုပ်သွားမည်ဖြစ်ပြီး မူးမေ့ခြင်း၊ ဓာတ်လိုက်ခြင်း၊ မြွေကိုက်ခြင်း၊ အပူရှပ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းစသည့် အရေးပေါ်အခြေအနေများ ကြုံကြိုက်လာပါက ရှေးဦးပြုစုခြင်းနည်းလမ်းများဖြင့် မည်သို့လုပ်ဆောင်ရမည်ဆိုသည်ကို ဖော်ပြထားသည့် ကျန်းမာရေးစောင့်ရှောက်မှု ဗီဒီယို ၁၂ ခုကို ရုပ်မြင်သံကြား၊ မီဒီယာနှင့် လူမှုကွန်ရက်မီဒီယာများတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

"ဒီဗီဒီယိုတွေမှာ နေ့စဉ်လူမှုဘဝမှာကြုံတွေ့ရတဲ့ မတော်တဆဖြစ်ရပ်တွေဖြစ်တဲ့ မူးမေ့တာ၊ မတော်တဆထိခိုက်မိတာလို အရေးပေါ်အခြေအနေမျိုးတွေမှာ အသက်အန္တရာယ်ကင်းအောင်နဲ့ ပိုပြီးမဆိုးရွားအောင် ကနဦးဘယ်လိုကြိုတင်ဆောင်ရွက်နိုင်မယ်ဆိုတဲ့ လူတိုင်းဆောင်ရွက်နိုင်တဲ့ ရှေးဦးပြုစုခြင်းအကြောင်းအရာတွေ ပါဝင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူ့အဖွဲ့အစည်းနဲ့ တစ်ဦးတစ်ယောက်စီတိုင်းက အနည်းဆုံးအခြေခံရှေးဦးပြုစုခြင်းဗဟုသုတတွေကို သိရှိထားဖို့လိုပါတယ်။ ဒါမှပဲ ကျန်းမာရေးနဲ့ဆိုင်တဲ့ အရေးပေါ်အခြေအနေမျိုးတွေမှာ ဘယ်လိုပြုစုစောင့်ရှောက်ရမယ်ဆိုတာတွေကို သိရှိပြီး အပြောင်းအလဲတွေ လုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန်းထွမ်းလှက ပြောသည်။

ယခုကျန်းမာရေးအသိပေးလှုံ့ဆော်မှုမှာ အရေးပေါ်အခြေအနေတစ်ခုဖြစ်ပွားပြီးသည်နှင့် တစ်နာရီအတွင်း ရှေးဦးပြုစုခြင်းကို ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ခံရသူများအနေဖြင့် ပြန်လည်သက်သာလာစေမည့် အကောင်းဆုံးအခွင့်အလမ်းကို ဖော်ဆောင်ပေးနိုင်စေရန် အများပြည်သူသို့ အသိပညာကိုဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

"ရှေးဦးပြုစုခြင်းနည်းလမ်းတွေကို လေ့လာခြင်းဟာ အရေးပေါ်အခြေအနေတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာမှာ အထောက်အကူဖြစ်စေနိုင်တာကြောင့် အများပြည်သူတွေဆီကို အသိပညာပေးကဏ္ဍအဖြစ် ထုတ်ပြန်နိုင်ဖို့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ အခုလိုပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ငယ်ရွယ်တဲ့မျိုးဆက်တွေက အခုလို ရှေးဦးပြုစုခြင်းနည်းလမ်းတွေကိုကြည့်ရှုပြီး ဒီအထဲက နည်းလမ်းတွေကို အသုံးပြုနိုင်တာကတစ်ဆင့် အကျိုးအမြတ်တွေ အများကြီးရရှိနိုင်မှာပါ"ဟု MPT အမှုဆောင်ချုပ် မစ္စတာ တိုရှီတာကီ အေမာမီယက ပြောသည်။

**သတင်း-ဇာဏီ၊ ဓာတ်ပုံ-ဇာနည်မောင်**

## ❍ ကျောဖုံးမှ

### ရှမ်းယူနိုက်တက်- နှစ်ဂိုး
### ရန်ကုန် -တစ်ဂိုး

ဖလားနှစ်လုံး လမ်းကြောင်းပေါ်တွင်ရှိနေသည့် အသင်းနှစ်သင်းသည် ပထမဆုံးချန်ပီယံဆုအတွက် ကြိုးပမ်းခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ပထမဆုံးအကြိမ် ရှုံး/ထွက် ချန်ပီယံဆုအား ရယူနိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ထပ်မံဗိုလ်စွဲခဲ့ပါက တစ်ရာသီတည်း ဖလားနှစ်လုံး ရယူနိုင်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် သီဟစည်သူ၊ ဝင်းမင်းထွန်း၊ ခရစ္စတိုဖာ၊ ရန်နိုင်ဦး၊ မက်ဆီမင်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ရန်ကုန်အသင်းမှာမူ ခင်မောင်လွင်၊ ကျော်ဇင်ထက်၊ ကျော်ကိုကို၊ ဆီဇာတို့ကို အသုံးပြုခဲ့သော်လည်း ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းမှာ ဒဏ်ရာကြောင့်ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ နှစ်သင်းစလုံး ဖလားနှစ်လုံး အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန် အားထည့်ကစားခဲ့သော်လည်း ပထမပိုင်းတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ပေ။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ကျော်ကိုကို တစ်ဦးတည်း ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဇော်မင်းထွန်းမပါသည့် ရန်ကုန်ခံစစ်ကို ဖိအားပေးနိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ထောင့်ကန်ဘောမှတစ်ဆင့် မက်ဆီမင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းကသာ ဆက်လက်ဖိကစားခဲ့ပြီး ၅၆ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မိနစ် ၆၀ တွင် ဆီဇာက ရန်ကုန်အတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့၍ လက်ကျန်မိနစ်များမှာ ပိုမိုအသက် ဝင်ခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရရန် အားထည့်လာသော်လည်း ရှမ်းယူနိုက်တက် နောက်တန်းကာကွယ်နိုင်ခဲ့သလို ဂိုးသွင်းခွင့်အချို့ကိုလည်း ဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်းနှင့် ဆုကြေးငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆုရ ရန်ကုန်အသင်းအား ဆုကြေးငွေကျပ်သိန်း ၁၅၀ တို့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ လက်နက်များ သိမ်းဆည်းရမိဟု လူမှုကွန်ရက်စာမျက်နှာတွင် မမှန်မကန်ဖော်ပြသူများအား အမှုဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၅**

ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက်စာမျက်နှာ များတွင် အောက်တိုဘာ ၂၃ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရှောင်တခင် ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ပြီး လက်နက်ပေါင်းစုံအား ရှာဖွေသိမ်းဆည်းရမိကြောင်း၊ သီတဂူဆရာတော်များကို ဖမ်းဆီးထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က မည်သည့်အကြောင်းကြောင့် လက်နက်ခဲယမ်းများ စုဆောင်းရသည်ဆိုသည်ကို ဖော်ထုတ်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မသင်္ကာစရာ ဘုန်းတော်ကြီးကျောင်းများကို သတင်းပေးကြဖို့ နှိုးဆော်တိုက်တွန်းသင့်ကြောင်း စသည်ဖြင့် လူမှုကွန်ရက်သတင်းစာမျက်နှာနှင့် လူပုဂ္ဂိုလ်စာမျက်နှာတချို့တွင် စတင်ဖော်ပြထားခဲ့သည်။

ယင်းသို့ဖော်ပြထားသည်မှာ မဟုတ်မမှန်သည့် သတင်းအမှားဖြစ်ကြောင်း၊ သီတဂူဆရာတော်၏ သာသနာပြုလုပ်ငန်းများကို ပုတ်ခတ်စော်ကားရုံမျှမက သီတဂူတက္ကသိုလ်အား အသရေပျက်စေရန် ဆောင်ရွက်သူများအပေါ် စုံစမ်းဖော်ထုတ်အရေးယူပေးရန်အတွက် သီတဂူသာသနာပြုအဖွဲ့က တိုင်တန်းသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ သီတဂူသာသနာပြုအဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ "အောက်တိုဘာ ၂၃ ရက်မှာ စတင်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)မှာ လက်နက်မိတယ်ဆိုပြီး မဟုတ်မမှန်တဲ့သတင်းတွေတင်ထားတာ တွေ့ရတယ်။ ဖြန့်တဲ့သူတွေကလည်း ဆက်ပြီးဖြန့်နေတာကို တွေ့ရတယ်။ မရိုးသားတဲ့သတင်းတွေကို ပြည်သူတွေသတိပြုကြဖို့လိုပါတယ်။ အခုလို မဟုတ်မမှန်ပြောဆိုထားတဲ့အတွက် တရားဥပဒေအတိုင်း အရေးယူနိုင်ဖို့ အမှုဖွင့်တိုင်ကြားခဲ့တာပါ။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)အနေနဲ့ ရဟန်းသံဃာတော်တွေ၊ သာသနာ့နွယ်ဝင် သီလရှင်တွေနဲ့ လူပုဂ္ဂိုလ်တွေကို မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေ သင်ကြားပေးနေတဲ့ တက္ကသိုလ်တစ်ခုဖြစ်ပါတယ်"ဟု သီတဂူသာသနာပြုအဖွဲ့မှ အတွင်းရေးမှူး ဦးကျော်မိုးနိုင်က ပြောသည်။

ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း အောက်တိုဘာ ၂၄ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ သီတဂူဗုဒ္ဓတက္ကသိုလ်တွင် လက်နက်ခဲယမ်းများ တွေ့ရှိခဲ့သည်ဟူသော သတင်းမှားများကို လူမှုကွန်ရက် အင်တာနက်စာမျက်နှာများပေါ်တွင် အကောင့်နာမည်တစ်ခုဖြင့် စတင်ဖော်ပြခဲ့ပြီး ယင်းသတင်းကို Myanmar News ဆိုသည့်သတင်း စာမျက်နှာတစ်ခုမှ ထပ်မံဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့သတင်းအမှားများ ရေးသားဖော်ပြခဲ့သည့် အကောင့်သည် လူမှုကွန်ရက်ပေါ်တွင် အကောင့်သုံးခုဖြင့် အမုန်းတရားများ ဖြစ်စေသော အကြောင်းအရာများ၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ်ရေးသား ထုတ်လွှင့်ဖော်ပြနေသူဖြစ်သောကြောင့် သီတဂူဗုဒ္ဓတက္ကသိုလ်တွင် လက်နက်ခဲယမ်းများ တွေ့ရှိသည်ဟူသောသတင်းမှာ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ရေးသားဖော်ပြသည့် သတင်းအမှားဖြစ်ကြောင်း ရှင်းလင်းဖော်ပြအပ်သည်ဟူ၍ ထုတ်ပြန်ထားခဲ့သည်။ **(သတင်းစဉ်)**

## ❐ ဆီးနှင့်ကျောက်ကပ်မှ

ခွဲစိတ်ကုသရာတွင် ကျောက်ကပ်ပျက်စီးသည့် လူနာများအတွက် ကျောက်ကပ်အစားထိုးလုပ်ငန်းလုပ်ခဲ့ရာ ယခုအချိန်အထိ လူနာ ၃၃ ဦး ခွဲစိတ်ပြီးဖြစ်သည်။ ခေတ်မီစက်ကိရိယာများရှိခြင်းကြောင့် ကုသရေးသာမက သင်ကြားရေး၌လည်း ဆီး၊ ကျောက်ကပ်ဘွဲ့လွန်၊ ဘွဲ့ကြိုသင်ကြားပေးနိုင်ကာ သုတေသနလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်သောကြောင့် ပြည်သူများကို ကောင်းမွန်သည့်ကျန်းမာရေးရလဒ်ကောင်းများစွာ ပံ့ပိုးပေးနိုင်ကြောင်း သိရသည်။

**သတင်း-ဥမ္မာသန့်၊ မြတ်စန္ဒီ**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေကို ပိုမိုထိရောက်သည့်နည်းလမ်းများဖြင့် ဖော်ဆောင်နိုင်ရန်

# UEHRD စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ဖြစ်စဉ်တစ်ခုတည်းကိုသာကြည့်သည့် အတွက် နိုင်ငံတကာအသိုက်အဝန်း၏ အထင်လွဲမှားမှုများရှိခဲ့ရကြောင်း၊ ဖြစ်စဉ်၏အခြေခံအကြောင်းရင်းကို သိမှသာလျှင် အမှန်ကို သိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တတ်နိုင်သမျှပူးပေါင်းဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရာတွင် ပြည်သူအတွက် အကျိုးရှိထိရောက်ပြီး ဖြေရှင်းဆောင်ရွက်ရမည့်အချက်များကို နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ရမည့်အခက်အခဲများ ရှိသော်လည်း အကောင်းဆုံးနည်းလမ်းများဖြင့် ဆက်လက်အရှိန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကော်မတီဝင်များမှစ၍ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများအထိ အခြေအနေမှန်ကိုသိရှိရန်လိုအပ်ပြီး ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေကို ဖြေရှင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်သည့်နည်းလမ်းများဖြင့် ဖော်ဆောင်နိုင်ရန် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine (UEHRD) စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ UEHRD နှင့် မိမိတို့ကော်မတီ၏ လုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

တစ်နိုင်ငံလုံးရှိပြည်သူများ၏ အင်အားကိုရယူဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအင်အားကို ပြသနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ တတ်သိပညာရှင်များ၊ ဖောင်ဒေးရှင်းများနှင့် လူငယ်အင်အားစုများလည်း ပါဝင်လာကြပြီဖြစ်ကြောင်း၊ "ပြည်သူ့အတွက် လူငယ့်ရက်နှစ်ဆယ်" စီမံကိန်းကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးများနှင့် ဤပဋိပက္ခမျိုးထပ်မံမဖြစ်ပွားရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုဖြစ်စဉ်အပေါ် ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတကာက အာရုံစိုက်စောင့်ကြည့်နေသဖြင့် မီဒီယာကဏ္ဍကလည်း အလွန်ပင်အရေးကြီးပါကြောင်း၊



UEHRDနှင့် မိမိတို့ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့်သတင်းထုတ်ပြန်ရန် လိုအပ်ပြီး အခြေအနေမှန်ကို သိရှိကြမှသာ ဖြေရှင်းဆောင်ရွက်နိုင်မည့် အနေအထားဖြစ်ပြီး ပူးပေါင်းဆောင်ရွက်လာကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လတ်တလော၊ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖြစ်စဉ်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်ပြီး စီမံချက်ကိုအကောင်းဆုံးရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်မည့်သူနှင့် အကောင်အထည်ဖော်သည့်ရလဒ်များကို လက်ခံမည့်သူဟူ၍ နှစ်မျိုးရှိပါကြောင်း၊ အကောင်အထည်ဖော်ပေးမည့်သူများက မျှမျှတတ ဆောင်ရွက်ပေးရန်လိုအပ်ပြီး လက်ခံမည့်သူကလည်း နားလည်ယုံကြည်လက်ခံရန် လိုအပ်ပါကြောင်း။

မိမိတို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မည်မျှအထိ ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကလည်း အရေးကြီးပါကြောင်း၊ ရေရှည်တွင် နှစ်ဖက်အသိုင်းအဝိုင်းအကြား သဟဇာတဖြစ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ ချိတ်ဆက်ဆောင်ရွက်ရမည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း အသိုင်းအဝိုင်းနှစ်ခုမျက်နှာချင်းဆိုင်လက်တွဲနိုင်ရေး ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ယူဆပါကြောင်း၊ စိန်ခေါ်မှုအခက်အခဲများရှိနိုင်မည် ဖြစ်သော်လည်း သတ္တိရှိရှိဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီးတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ် လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ပြီး အလုပ်အကိုင်ဖော်ထုတ်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားပေးရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD)တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထူထောင်ထားသော အများပိုင်ကုမ္ပဏီဖြစ်သည့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသများ၌ လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ထားရှိမှု လုပ်ငန်းစဉ်များအား ရှင်းလင်း တင်ပြပွဲကို အောက်တိုဘာ ၂၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အမှုဆောင်အရာရှိချုပ် ဦးအောင်ဆန်းက ရှင်းလင်းပြောကြားရာတွင် စီစဉ်ထားသည့် လုပ်ငန်းစဉ်များတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး လက်တလောကူညီဖြေရှင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များနှင့် ရေတိုရေရှည် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များပါဝင်သည်။

လက်တလောကူညီဖြေရှင်းပေးရမည့်လုပ်ငန်းစဉ်များတွင် အဓိကအားဖြင့် မိုးစပါးများမှာ ရင့်မှည့်ရိတ်သိမ်းချိန်ရောက်ရှိနေပြီး အချို့ဒေသများတွင် ရိတ်သိမ်းမည့်ပိုင်ရှင်များမရှိခြင်းနှင့် ပိုင်ရှင်ရှိသော်လည်း ရိတ်သိမ်းမည့် လယ်ယာလုပ်သားများ မရှိသဖြင့် လေလွင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း ကြားသိရသည်။

ထို့ကြောင့် ဦးစားပေး(၁)အဖြစ် ရိတ်သိမ်းခြွေလှေ့စက်များ အမြန်ဆုံးသွားရောက်ကူညီပေးရန် လိုအပ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ဆုံးဖြတ်ပြီး အသင်းချုပ်၏ အဖွဲ့အစည်းများကို အကူအညီတောင်းခံ၍ စီစဉ်ပေးခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အကူအညီပေးရန် ကတိကဝတ်များရရှိခဲ့ပြီး ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရိတ်သိမ်းခြွေလှေ့ပြီးသည့် စပါးများအား လိုအပ်ပါက ကော်မတီအဖွဲ့နှင့် ဈေးနှုန်းတစ်ခု သတ်မှတ်စေလျက် ဝယ်ယူပေးခြင်း၊ သိုလှောင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က သိုလှောင်ရုံများ သင့်တော်သည့်နေရာဒေသတွင် ညှိနှိုင်းသိုလှောင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ရိတ်သိမ်းပြီးသည့် မိုးစပါးစိုက်ခင်းများတွင် အခြေအနေပေး၍ သီးထပ်သီးနှံများ အချိန်မီစိုက်ပျိုးလိုပါကလည်း ထွန်ယက်ရေးအကူအညီများ ပေးနိုင်ရေးအတွက် လယ်ထွန်စက်ကြီး ငါးစီးကိုလည်း တစ်ပါတည်း ပေးပို့သွားမည်ဖြစ်သည်။ အခြောက်ခံစက်များကိုလည်း ပေးပို့မည်ဖြစ်သည်။

လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒုတိယလုပ်ငန်းစဉ်အဖြစ် ယင်းဒေသရှိ တောင်သူလယ်သမားများအတွက် လာမည့်ရာသီတွင် မျိုးစပါးများ လိုအပ်မှုရှိလျှင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်လျက် အချိန်မီပေးပို့နိုင်ရေးကို လည်းကောင်း၊ ဓာတ်မြေဩဇာ လိုအပ်ချက်များကို ယခုပွင့်လင်းရာသီတွင် ကြိုတင်ပေးပို့ထားပြီး အဆင်သင့်ကူညီနိုင်အောင်ထားရှိပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

တတိယလုပ်ငန်းစဉ်အဖြစ် လာမည့်ရာသီချိန်အမီ ဒေသအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်မည့် Seed Farm တစ်ခုထူထောင်ခြင်း၊ စက်မှုလယ်ယာစနစ်သုံး Full Machanization Farm တစ်ခု၊ စံပြလယ်ယာမြေအဆင့်မြင့်လယ်ယာမြေထူထောင်ခြင်းတို့ကို ဧကတစ်ထောင်အထိမျှော်မှန်းဆောင်ရွက်မည်ဖြစ်ပြီး သင့်တော်သည့်နေရာဒေသနှင့် Site Plan ရွေးချယ်ရေးတို့ကို လာမည့်ရက်အတွင်း Agribusiness Service Center အဖွဲ့များက သွားရောက်လေ့လာပြီး ရာသီချိန်အမီ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ စံပြလယ်ယာဧက တစ်ထောင်တွင် မျိုးထုတ်ခြင်း၊ သုတေသနပြုခြင်း၊ တောင်သူပညာပေးခြင်းများပါဝင်သည့် စိုက်ကွင်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် သုံးနှစ်တာ ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဖြစ် ရခိုင်ပြည်နယ်အတွင်းရှိ ဆန်စက်များအတွက် စပါးအခြောက်ခံစက်များကို တပ်ဆင်ပေးခြင်း၊ ခေတ်မီဆန်စက်ယူနစ်များ ပြောင်းလဲတပ်ဆင်နိုင်ရန် ကူညီခြင်း၊ အထူးသဖြင့် ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေနှင့် ကျောက်တော်မြို့တို့တွင် ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ၊ အဆင့်မြင့် ပေါင်းဆန်စက်များ တည်ထောင်ရင်းနှီးမြှုပ်နှံပြီး ဆန်စပါးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုကာလကတည်းက ကြိုတင်လေ့လာမှုများ သွားရောက်ဆောင်ရွက်နေပြီဖြစ်သည်။

သုံးနှစ်တာကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် Agribusiness Service Center (ASC) ပရောဂျက်များကို သင့်လျော်သည့် မြို့နယ်များတွင် ရွေးချယ်လျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိတွင် ကျောက်တော်၊ စစ်တွေ၊ မြောက်ဦးဒေသများကို ရွေးချယ်ထားသည်။ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက် လိုအပ်မည့်ဒေသများကိုလည်း တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ် (ASC)ပရောဂျက်တွင် 4in 1 Concept ပါဝင်မည်ဖြစ်ပြီး Contract Farming & Seed Production, Drying Storage & Processing, Fertilizer & Agrochemicals; Farm Mechanization Service တို့ပါဝင်မည်ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု Supply Chain တစ်ခုလုံးကို One Stop Service အဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ထားသည်။

လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဘူးသီးတောင်မြို့နယ်တွင် မြေဧရိယာ ဧက ၅၀၀ ပေါ်၌ Agri Food Park တစ်ခု ထူထောင်ပြီး ဆန်စပါးနှင့် စိုက်ပျိုးရေးအခြေခံထွက်ကုန်ကုန်ကြမ်းများကို ကုန်ချောအဖြစ်ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်းတို့ကို စီစဉ်သွားမည်ဖြစ်သည်။ **စာမျက်နှာ ၁၁ သို့** ❑

# ရခိုင်ပြည်နယ်သတင်း

## UEHRD ၏ စီမံကိန်းများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်အကောင်အထည်ဖော်မှုများတွင် ပူးပေါင်းပါဝင်ရေး မြန်မာနိုင်ငံဆိုင်ရာအမေရိကန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား မြန်မာနိုင်ငံဆိုင်ရာအမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Scot Marciel၊ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansen နှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick တို့က ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာ ခန်းမတွင် လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသည့် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် တိုးတက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ပြည်သူများ၏ အင်အားကို ဖိတ်ခေါ်တည်ထောင်ထားသည့် UEHRD ၏ လုပ်ငန်းတာဝန်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီများနှင့် ၎င်းတို့၏ ဆက်စပ်ပတ်သက်နေသော လုပ်ငန်းများ၊ အရှိန်မြင့်ဆောင်ရွက်နေသော လူသားချင်းစာနာကူညီမှုဆိုင်ရာ အထောက်အပံ့ပေးရေးကိစ္စရပ်များ၊ UEHRD ၏ အဓိကရည်ရွယ်ချက်များဖြစ်သော လူသားချင်းစာနာကူညီထောက်ပံ့မည့်အစီအစဉ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ လုပ်ငန်းတာဝန်အသီးသီးအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဦးစားပေးလုပ်ငန်းနှင့် နေရာဒေသများရွေးချယ်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စတင်နေမှုများ၊ Diversity Management Forum ကျင်းပ၍ မတူခြားနားမှုများအား နားလည်လက်ခံလာစေရေး ချဉ်းကပ်နည်းလမ်းများ ရှာဖွေဖော်ထုတ်မည့်ကိစ္စရပ်များ၊ ဒေါက်တာကိုဖီအာနန် ကော်မရှင် အကြံပြုချက်အကောင်အထည်ဖော်မှုများ၊ ရခိုင်ပြည်နယ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူဖြစ်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပညာသင်ဆုများ ထောက်ပံ့နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြည်သူများအတွက် ကျေးရွာများနှင့် အိုးအိမ်များ ပြန်လည်တည်ဆောက်ပေးနိုင်ရေး UN-HABITAT အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

UEHRD ၏ အဓိကရည်ရွယ်ချက်များဖြစ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်၊ အချိန်ကာလအလိုက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ UEHRD ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ် UN-HABITAT မှ Senior Human Settlements Officer ဖြစ်သူ Mr. Bruno Dercon ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ကျေးရွာအိုးအိမ်များ ဖွဲ့စည်းတည်ဆောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော UEHRD ၏ လုပ်ငန်းစဉ်များ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်များကြောင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်နေရသော ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အဆိုပါပြည်သူများအတွက် အိုးအိမ်များ တည်ဆောက်နေရာချထားခြင်းကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားကျေးရွာများကို စုစည်း၍ ပြန်လည်တည်ဆောက်ပေးခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း၊ မီးလောင်ပျက်စီးသွားသော တိုင်းရင်းသားနှင့် မွတ်ဆလင်များ၏ ကျေးရွာများကို ပြန်လည်တည်ဆောက်ရာတွင် ကျေးရွာအင်္ဂါရပ်နှင့်ညီညွတ်သော ဖွဲ့စည်းတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ဖွဲ့စည်းတည်ဆောက်မှုမျိုးဖြစ်စေရန် ယခုကဲ့သို့ UN-HABITAT အဖွဲ့အစည်းကို ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများကလည်း မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

UN-HABITAT သည် မြို့ရွာစီမံကိန်းများ ရေးဆွဲမှုကို အထောက်အကူပြုပံ့ပိုးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ကျေးရွာများ ဖွဲ့စည်းနေရာချထားမှုကိုလည်း နည်းပညာပံ့ပိုးမှုဖြင့် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ မြန်မာ့ရေမြေသဘာဝ၊ လူမှုရေးအခြေအနေ၊ အုပ်ချုပ်မှုစနစ်တို့နှင့် ကိုက်ညီမည့်စီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နီးကပ်စွာပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ကျေးရွာများနှင့် အိုးအိမ်များ စနစ်တကျပြန်လည်ဖွဲ့စည်းတည်ဆောက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် UN-HABITAT အဖွဲ့မှ တာဝန်ရှိသူများနှင့် နိုဝင်ဘာ ၈ ရက်တွင် ထပ်မံတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ စာမျက်နှာ ၁၀ မှ

ထိုကဲ့သို့ လတ်တလောလုပ်ငန်းများ၊ ရာသီချိန်အလိုက် လုပ်ငန်းများ၊ နှစ်တို၊ နှစ်လတ်လုပ်ငန်း အစီအစဉ်များ ချမှတ်လုပ်ဆောင်ရာတွင် လုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန်အောင်မြင်နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဦးဆောင်ကြိုးကြပ်မှုဖြင့် ရခိုင်ပြည်နယ်အခြေပြုလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီကို အမြန်ဆုံးဖွဲ့စည်းပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို သုံးနှစ်အတွင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် ငွေကျပ် ဘီလီယံ ၅၀ ခန့် အသုံးပြုပြီး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရ၊ UEHRD၊ ကုန်သည်စက်မှု အသင်းချုပ် (UMFCCI)တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောင်သူရ)**

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုစီမံကိန်း နှစ်ဆင့်ချေးငွေ ထုတ်ချေးရေးသင်တန်း စစ်တွေမြို့၌ ဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၂၅**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်ဘဏ်ခွဲ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုစီမံကိန်း နှစ်ဆင့်ချေးငွေ ထုတ်ချေးရေး သင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေမြို့နယ်ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ် မန်နေဂျာက ယခုချေးငွေသည် နှစ်ရှည်ချေးငွေဖြစ်သည့်အတွက် ချေးငွေထုတ်ချေးခြင်း၊ ကောက်ခံခြင်းနှင့်ပတ်သက်ပြီး သင်တန်းနည်းပြများ၏ သင်ကြားမှုများကို စိတ်ဝင်စားစွာ သင်ယူမှတ်သား၍ လက်တွေ့နယ်ပယ်တွင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ချေးငွေဌာနမှ လက်ထောက်မန်နေဂျာက JICA ချေးငွေနှင့် တောင်သူများကို ချေးငွေထုတ်ချေးရခြင်းနှင့် ချေးငွေအပေါ် အတိုးနှုန်းကောက်ခံသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းစတင်ပို့ချသည်။

ယခုသင်တန်းကို တောင်သူများ၏ လယ်ယာလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ချေးငွေထုတ်ချေးနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအစိုးရကို ထုတ်ချေးသည့် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူများကို ထုတ်ချေးနိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ဘဏ်ခွဲများမှ မြို့နယ်မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊ အကြီးတန်းစာရေးများနှင့် ပြည်နယ်ဘဏ်ခွဲမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# အမေရိကန်နှင့် အိန္ဒိယ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုလုပ်ဆောင်မည်

**နယူးဒေလီ အောက်တိုဘာ ၂၅**

တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ ရေကြောင်းကာကွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ မြင့်တက်လာသည့်အတွက် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအလေးထား လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့ သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ် တေလာဆန်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူးရှားမာ ဆွာရာဂျ်တို့သည် အောက်တိုဘာ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တွေ့ဆုံကာ အထက်ပါကိစ္စရပ်ကို သဘောတူညီခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အမေရိကန်နိုင်ငံက အိန္ဒိယနိုင်ငံအား အဆင့်မြင့်ကာကွယ်ရေးဆိုင်ရာပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လာမည့်နှစ် အစောပိုင်းတွင်လည်း နှစ်နိုင်ငံဆိုင်ရာ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးအဆင့် အစည်းအဝေးများကိုလည်း ကျင်းပသွားမည်ဟု ဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် ပွင့်လင်းမြင်သာသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိခံစားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ချက်များကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်က ပြောကြားခဲ့သည်။ အမေရိကန်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူးရှားမာ ဆွာရာဂျ်က ဒေသတွင်း ဥပဒေနှင့် လိုက်လျောညီထွေရှိသည့် ကုန်သွယ်မှုနှင့် လေကြောင်းလွတ်လပ်မှုတို့၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံဆိုင်ရာ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်ဒီတီချ်ကော။**

# တရုတ်-ဗီယက်နမ် နယ်စပ်ကုန်သွယ်ရေးဇုန် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဖွင့်လှစ်

**နန်နင်း အောက်တိုဘာ ၂၅**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တရုတ်-ဗီယက်နမ် နယ်စပ်ကုန်သွယ်ရေးဇုန်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားကြသည်။

နယ်စပ်ဒေသရှိ မြို့ကြီးတစ်မြို့ဖြစ်သော ကျင်ရှီးမြို့၌ လောင်ဘန်-ထရာလင် ကုန်သွယ်ရေးဇုန်ကို ဖွင့်လှစ်ခဲ့သည်။ ယင်းဇုန်မှာ စတုရန်းမီတာ ၅၀၀၀၀ ကျယ်ဝန်းပြီး ရင်းနှီးမြှုပ်နှံမှု ယွမ်ဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ကိုးဘီလီယံ)ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါ ကုန်သွယ်ရေးဇုန်ကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ်စက်တင်ဘာလတွင် စမ်းသပ်ဖွင့်လှစ်ခဲ့သည်။

နယ်စပ်ဒေသကုန်သွယ်ရေးဇုန် တစ်ဖက်တစ်ချက်စီရှိ ကီလိုမီတာ ၂၀ အကွာအဝေးအတွင်းရှိ နယ်မြေဒေသတို့၌ ကုန်စည်များ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သည်။ ဒေသခံကုန်သည်များအနေဖြင့် တစ်ရက်လျှင် ယွမ် ၈၀၀၀ အောက် ရောင်းဝယ်ဖောက်ကားပါက အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။

အခြားသော တရုတ်-ဗီယက်နမ် ကုန်သွယ်ရေးဇုန်များနှင့် နှိုင်းယှဉ်လျှင် လောင်ဘန်-ထရာလင်း ကုန်သွယ်ရေးဇုန်၏ အကောက်ခွန်ရှင်းလင်းရေးစနစ် ပိုမိုကောင်းမွန်ခြင်းဖြစ်ကြောင်း ဗီယက်နမ် ဗွီစီအိုင် ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီ၏ ဥက္ကဋ္ဌ ထရန်ဒိုဗွာဟေးက ပြောကြားသည်။

**ဆင်ဟွာ။**



# ရုရှား၏ အကြီးဆုံးသော နျူထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးကျည် ဆေတန်-၂ ကို ပစ်လွှတ်စမ်းသပ်ရန်စီစဉ်

**မော်စကို အောက်တိုဘာ ၂၅**

ရုရှားနိုင်ငံ၏ အကြီးဆုံးသော တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်ဖြစ်သည့် ဆေတန်-၂ ဒုံးကျည်ကို ပစ်လွှတ်စမ်းသပ်မည်ဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ၏ နျူကလီးယားထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးကျည်မျိုးဆက်များအနက် အကြီးမားဆုံးနှင့် အသစ်လွင်ဆုံးဖြစ်သည့် ဆေတန်-၂ အမျိုးအစား ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားပြီး ယင်းဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးဒိုင်းလွှားစနစ်ကို တစ်စင်းတည်းသော ဒုံးကျည်ပစ်လွှတ်မှုဖြင့် ထိုးဖောက်နိုင်မည်ဟု ဆိုသည်။

ဆေတန်-၂ အမျိုးအစား တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်စနစ်တွင် ထိပ်ဖူးအရေအတွက် တစ်ဒါဇင်နီးပါးမျှပါရှိပြီး ယင်းလက်နက် ထိပ်ဖူးများသည် မဂ္ဂါတန် ၄၀ ရှိကြောင်း၊ ယင်းပမာဏမှာ ၁၉၄၅ ခုနှစ်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ ကြဲချခဲ့သော အဏုမြူဗုံး၏ အဖျက်စွမ်းအား ပမာဏထက် အဆ ၂၀၀၀ အင်အားပိုမိုကြောင်း သတင်းတွင် ဖော်ပြသည်။

ဒုံးလက်နက် ပစ်လွှတ်ခြင်းဆိုင်ရာ ပြဿနာများကြောင့် ဆေတန်-၂ ဒုံးကျည် စမ်းသပ်ပစ်လွှတ်ရန် အစီအစဉ်မှာ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရပြီးနောက် ယခုနှစ်ကုန်ပိုင်းတွင် အဆိုပါ ဒုံးကျည်ကို ပစ်လွှတ်စမ်းသပ်နိုင်မည်ဖြစ်သည်။

ဆေတန်-၂ ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုများကို အကြိမ်ရေများစွာ ပြုလုပ်သွားမည်ဟု မျှော်လင့်ရသည်။

အစောဆုံး ၂၀၁၉ ခုနှစ်တွင် တန် ၁၀၀ အလေးချိန်ရှိ ဒုံးကျည်များကို ဖြန့်ကြက်နိုင်မည်ဟု ရုရှားနိုင်ငံက ကြွေးကြော်ခဲ့သည်။

**ရိုက်တာ။**

# ပျောက်ဆုံးနေသော မွန်ဂိုတောင်တက်သမား ၁၇ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိ

**အူလန်ဘာတော အောက်တိုဘာ ၂၅**

မွန်ဂိုလီးယားနိုင်ငံရှိ အော်ဂွန်တင်ဂါတောင်ပေါ်သို့ တက်ရောက်ခဲ့ကြသော တောင်တက်သမား ၁၇ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းစီမံခန့်ခွဲရေးအေဂျင်စီက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံသားများဖြစ်ကြသော တောင်တက်သမား ၁၇ ဦးသည် အော်ဂွန်တင်ဂါတောင်၏ တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီးနောက် ပျောက်ဆုံးနေခဲ့ကြောင်း၊ မွန်ဂိုလီးယား တောက်တက်အဖွဲ့ဝင်များအားလုံး သေဆုံးသွားခဲ့ရပြီး ၎င်းတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းစီမံခန့်ခွဲရေးအေဂျင်စီ ဒုတိယအကြီးအကဲ ဗိုလ်မှူးချုပ် ဂွမ်ဘိုဂျက် အာရီယန် ဘူယန်က ပြောကြားသည်။

အမျိုးသမီးခုနစ်ဦး အပါအဝင် မွန်ဂိုလီးယားတောင်တက်သမား ၁၇ ဦးသည် အော်ဂွန်တင်ဂါတောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့ကြသော အဖွဲ့ဝင် ၂၇ ဦးပါ တောင်တက်အဖွဲ့တွင် ပါဝင်သည်။ အဆိုပါတောင်သည် မွန်ဂိုလီးယားရှိ ကန်ဂိုင်းတောင်စဉ် တောင်တန်းတွင် ပါဝင်ပြီး တောင်တက်သမားများသည် အော်ဂွန်တင်ဂါတောင်၏ တောင်ထွတ်ပေါ်သို့ ခြေချနိုင်ခဲ့ကြောင်း၊ ယင်းတောင်မှာ ပင်လယ်ရေမျက်နှာ ပြင်အထက် ၄၀၂၁ မီတာ အထက်တွင် တည်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တောင်တက်သမားများသည် တောင်ထိပ်ပေါ်သို့ ရောက်ရှိခဲ့ပြီးနောက် တောင်အောက်သို့ ပြန်လည်ဆင်းသက်လာချိန်အတွင်း ဆီးနှင်းခဲပြိုကျမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အောက်တိုဘာ ၂၂ ရက်မှစ၍ ပျောက်ဆုံးနေခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တောင်တက်သမားများ၏ ရုပ်အလောင်းများကို အဆိုပါတောင်၏ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၂၀၀ မှ မီတာ ၃၄၅၀ ကြား နေရာတွင် ရှာဖွေတွေ့ရှိခဲ့သည်။

အမျိုးသားအရေးပေါ်လုပ်ငန်း အေဂျင်စီမှ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့သည် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ပျောက်ဆုံးနေသော တောင်တက်သမားများကို ရှာဖွေခဲ့ရာတွင် အောက်တိုဘာ ၂၃ ရက်တွင် တောင်တက်သမား ၁၀ ဦး၊ အောက်တိုဘာ ၂၄ ရက်တွင် တောင်တက်သမားလေးဦးနှင့် အောက်တိုဘာ ၂၅ ရက်တွင် တောင်တက်သမားသုံးဦးတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

**ဆင်ဟွာ။**



# အင်စတာဂရမ် စာမျက်နှာထက်မှ လီဗာပူးအမည်ကို လော့ဗ်ရန် ဖျက်

စပါးကို ဂိုးပြတ်အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီး နည်းပြ ဂျာဂန်ကလော့ပ်၏ ဝေဖန်မှုခံခဲ့ရပြီးနောက် လီဗာပူးနောက်ခံလူ လော့ဗ်ရန်က သူ၏ အင်စတာဂရမ်စာမျက်နှာထက်မှ လီဗာပူးဂျာစီဝတ် သူ၏ ပရိုဖိုင်ပုံကို ဖျက်ပစ်ခဲ့ကြောင်း သိရသည်။ လော့ဗ်ရန်၏ အမှားကြောင့် စပါးအသင်း ၁၂ မိနစ်အတွင်း ဂိုးနှစ်ဂိုး အလွယ်တကူရရှိသွားခြင်းဖြစ်ရာ ဂျာဂန်ကလော့ပ်က ပွဲချိန် ၃၁ မိနစ်မှာပင် လော့ဗ်ရန်ကို ချိန်ဘာလိန်နှင့် လူစားလဲခဲ့သည်။

အဆိုပါပွဲအပြီးတွင် နည်းပြ ဂျာဂန်ကလော့ပ်က လော့ဗ်ရန်ကို ကာကွယ်ပေးခြင်းမရှိဘဲ "ပွဲတစ်ပွဲလုံး၊ ရလဒ်တွေ အကုန်လုံးက ကျွန်တော်တို့ အမှားတွေချည်းပါပဲ။ စပါးက ကောင်းဖို့လိုတယ်ဆိုတာသိပြီး ကောင်းကောင်းကစားသွားခဲ့တယ်။ ကျွန်တော်တို့ကတော့ သူတို့အတွက် အလွယ်ဖြစ်သွားအောင် လုပ်ဆောင်သွားခဲ့တယ်"ဟု စကိုင်းစပို့သို့ ပြောကြားခဲ့သည်။

ထို့ပြင် ဂျာဂန်ကလော့ပ်က ပထမပေးလိုက်ရသည့်ဂိုးမှာ မြေလိမ့်ဘောသာသာအနေအထားဖြစ်သည်ကို နောက်တန်းခံစစ်တွင် လူမရှိသဖြင့် ပေးလိုက်ရခြင်းကြောင့် အလွန်ဆိုးရွားသည့် ခံစစ်ဖြစ်သလို ဒုတိယဂိုးမှာလည်း လော့ဗ်ရန် နောက်ကျနေခြင်းကြောင့် ပေးလိုက်ရခြင်းဖြစ်ကြောင်း လူသိရှင်ကြားဝေဖန်မှုပြုခဲ့သည်။

သို့သော် မန်ယူဂိုးသမားဟောင်း ပီတာရှမိုက်ကယ်က ကစားသမားတစ်ဦးတည်းကို အမည်တပ်၍ ဝေဖန်ခဲ့သည့် ဂျာဂန်ကလော့ပ်၏ ပြောစကားအပေါ် ဘဝင်မကျကြောင်းဆိုခဲ့ပြီး လော့ဗ်ရန်ကို ကာကွယ်ပေးခဲ့သည်။ ရှမိုက်ကယ်က "ဒါမျိုးပြောတာက ဒီကစားသမားကို သတ်လိုက်တာနဲ့ အတူတူပဲ။ သူတို့ခံစစ်က တစ်ရာသီလုံး ဆိုးနေတာ ဒီအတွက် ဂျာဂန်ကလော့ပ်ကပဲ တာဝန်ယူရမှာဖြစ်တယ်။ ခုတော့ လော့ဗ်ရန်အပေါ်ပဲ ဒီတာဝန်ကြီး ပုံချသွားတယ်"ဟု ပြန်လည်ဝေဖန်ခဲ့သည်။ လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ခံစစ်ပိုင်းဆိုးရွားနေပြီး ပရီမီယာလိဂ် ကိုးပွဲကစားအပြီး ပေးဂိုး ၁၆ ဂိုးအထိရှိနေပြီဖြစ်ရာ ၁၉၆၄-၁၉၆၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး မှတ်တမ်းဝင်သွားပြီဖြစ်သည်။




# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုမှာ ဘယ်သူတွေက ဘယ်သူတွေကို မဲပေးခဲ့ကြသလဲ



မေလဲ့သင်း
စုစည်းသည်

ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ရွေးချယ်မှုတွင် နိုင်ငံလက်ရွေးစင်အသင်းခေါင်းဆောင်များ၏ မဲပေးရွေးချယ်မှုကလည်း ၂၅ ရာခိုင်နှုန်း ထည့်သွင်းတွက်ချက်ခံရရာ မည်သည့်အသင်းခေါင်းဆောင်က မည်သူကို မဲပေးရွေးချယ်ခဲ့သလဲဆိုသည်ကို တင်ပြသွားမည်ဖြစ်သည်။ အကောင်းဆုံးဆုရှင် စီရိုနယ်လ်ဒိုက ပထမနေရာအတွက် လူကာမိုဒရစ်၊ ဒုတိယနေရာအတွက် ဆာဂျီယိုရာမို့စ်နှင့် တတိယနေရာအတွက် မာဆယ်လိုတို့ကို ရွေးချယ်ခဲ့ရာ သူ၏ ရွေးချယ်မှုအားလုံးမှာ ရီးယဲလ်ကစားသမားများဖြစ်နေသည်ကို တွေ့ရသည်။

ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသူ မက်ဆီက နံပါတ်(၁)အတွက် ဆွာရက်ဇ်၊ နံပါတ်(၂)နေရာအတွက်အင်နီယေစတာ၊ နံပါတ်(၃) နေရာအတွက် နေမာတို့ကို ရွေးချယ်ခဲ့ပြန်ရာ စီရိုနယ်လ်ဒိုရော မက်ဆီပါ ကလပ်အသင်းကစားဖော်များကို ရွေးချယ်ခဲ့ပြီး တစ်ဦးကိုတစ်ဦး မဲပေးမှုမရှိခဲ့သည်ကို တွေ့ရသည်။ ဘရာဇီးအသင်းခေါင်းဆောင် အဲလ်ဗက်စ်က နေမာ၊ မက်ဆီနှင့် စီရိုနယ်လ်ဒို၊ ခရိုအေးရှားအသင်းခေါင်းဆောင် မိုဒရစ်က စီရိုနယ်လ်ဒို၊ မက်ဆီနှင့် ခရူးစ်၊ ပြင်သစ်အသင်းခေါင်းဆောင် ဟူဂိုလိုရစ်က စီရိုနယ်လ်ဒို၊ ရာမို့စ်နှင့် ဟယ်ရီကိန်း၊ ဂျာမနီအသင်းခေါင်းဆောင် နျူအာက ခရူးစ်၊ လီဝန်ဒေါ်စကီးနှင့် ဗီဒယ်လ်တို့ကို အသီးသီးရွေးချယ်ခဲ့ကြောင်း သိရသည်။

# ဟယ်ရီကိန်းကိုခေါ်ယူမည့်သတင်းများကို ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ် ငြင်းဆန်

ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က တိုက်စစ်မှူး ဘင်ဇီမာ၏ စွမ်းဆောင်ရည်အပေါ် နှစ်သက်မှုရှိဆဲဖြစ်ပြီး စပါး တိုက်စစ်မှူး ဟယ်ရီကိန်းကို ဆက်သွယ်နေသည်ဆိုသော သတင်းများကို ငြင်းဆန်ပယ်ချသွားခဲ့သည်။ ပီရက်ဇ်က "ဟယ်ရီကိန်းကို ခေါ်ယူဖို့ကိစ္စက ကျွန်တော့်ခေါင်းထဲကို ရောက်မလာသေးပါဘူး။ သူက ကစားသမားကောင်းပါ။ ပြီးတော့ ငယ်လည်းငယ်ရွယ်သေးတာကြောင့် ဒီထက်ပိုပြီးခြေစွမ်းတိုးတက်လာဦးမှာပါ။ ဘင်ဇီမာရဲ့ စွမ်းဆောင်ရည်နဲ့ပတ်သက်ပြီး ကျွန်တော်တို့အားလုံး ကျေနပ်ပျော်ရွှင်နေရဆဲပါပဲ"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းမှာ ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးစွမ်းဆောင်ရည်တစ်ရပ် ပြသထားနိုင်ပြီး ရီးယဲလ်နှင့် စပါးတို့ တွေ့ဆုံခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးယဲလ် တာဝန်ရှိသူများက ကိန်း၏တန်ဖိုးကို မေးမြန်းခဲ့ကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဥက္ကဋ္ဌ ပီရက်ဇ်နှင့် စပါးဥက္ကဋ္ဌ ဒန်နီလက်ဗီတို့ ကိန်း၏အပြောင်းအရွှေ့ကိစ္စ ဆွေးနွေးခဲ့ရာ စပါးဘက်မှ ကိန်းအတွက် ကမ္ဘာ့စံချိန်တင်ကြေး တောင်းဆိုခဲ့ကြောင်း သတင်းများ ထွက်လာအပြီးတွင် ပီရက်ဇ်က အထက်ပါအတိုင်း ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

ပီရက်ဇ်က "ကျွန်တော်က စပါးဥက္ကဋ္ဌကို ဈေးမမေးခဲ့ပါဘူး။ ဘာလို့လဲဆိုရင် သူက ယူရိုသန်း ၂၅၀ တန်တဲ့ ကစားသမားလို့ ပြောကြားခဲ့တာကြောင့်ပါ" ဟု ဖြေရှင်းချက်ပေးခဲ့သည်။

ပီရက်ဇ် မည်သို့ငြင်းဆန်သည်ဖြစ်စေ၊ ရီးယဲလ်နည်းပြ ဇီဒန်းက ဟယ်ရီကိန်း၏ပရိသတ်ဖြစ်ပြီး ကိန်းကို ဘာနေဗျူးသို့အရောက်ခေါ်ယူရန် စိတ်အားထက်သန်နေကြောင်း သိရသည်။ ဇီဒန်းက "အနာဂတ်မှာ ဘာဖြစ်လာမလဲ ဘယ်သူမှကြိုပြီးမသိပါဘူး။ လောလောဆယ် သူက စပါးရဲ့ အဓိကကစားသမားဖြစ်နေတယ်။ သူ့မှာ အရာအားလုံးရှိနေပြီး အထူးခြားဆုံးကတော့ သူ့ခေါင်းထဲမှာ ဂိုးကို ဘယ်လိုသွင်းရမလဲဆိုတာသိနေတာပဲ"ဟု ဆိုခဲ့သည်။

ကိန်းသည် လီဗာပူးနှင့် ပွဲစဉ်တွင်လည်း စပါးအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူပြီးနောက် ယခုနှစ်အတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သူ၏ သွင်းဂိုး ၄၅ ဂိုး အထိရောက်ရှိရန် မျှော်မှန်းနေပြီဖြစ်သည်။

# ရီးယဲလ်မက်ဒရစ် နဲ့ ဘာစီလိုနာ ဂိုးပြတ်အနိုင်ရပါ့မလား

ရှိုင်း
မင်း
မင်း

### ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၁၀

၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် (၁၀) ကို လာမယ့် အောက်တိုဘာ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်တို့ ဂိုးပြတ်နိုင်ပွဲတွေ ရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေသလို ဒီပွဲအပြီး ဥရောပပွဲတွေရှိနေတာကိုလည်း သတိပြုရမယ်။

### အလာဗက်စ် - ဗလင်စီယာ ညနေ ၅း၃၀ (၂၈-၁၀-၁၇)

အလာဗက်စ်ဟာ ဒီရာသီမှာ ခြေစွမ်းပိုင်းအလွန်ကျဆင်းနေတဲ့အသင်းဖြစ်ပြီး အမှတ်ပေးဇယားအောက်ပိုင်းကို ရောက်ရှိနေတဲ့အသင်းဖြစ်တယ်။ ဗလင်စီယာကတော့ ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိနေပြီး အသင်းကြီးတွေကိုတောင် ခြေစွမ်းပြအနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီပွဲမှာ ဗလင်စီယာတို့ ပွဲပန်းနိုင်တာကိုသတိပြုရပါ့မယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဗလင်စီယာတို့ အနိုင်ရဖို့ရှိပေမယ့်လည်း ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

### ဆီဗီလာ - လီဂါနက်စ် ည ၇း၄၅ (၂၈-၁၀-၁၇)

ဆီဗီလာဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းအနည်းငယ်ကျဆင်းခဲ့ပေမယ့်လည်း အခုလိုအိမ်ကွင်းပွဲစဉ်မျိုးမှာတော့ နိုင်ပွဲရရှိအောင် ဂရုတစိုက်ကစားမှာပါ။ ဆီဗီးလ်အသင်းရဲ့ ကစားပုံလျင်မြန်မှုနဲ့ တိုက်စစ်ကစားပုံက ထက်မြက်မှုရှိနေပါတယ်။ လီဂါနက်စ်ကလည်း ဒီရာသီမှာခြေစွမ်းကောင်းတွေပြသနေတဲ့အသင်းဖြစ်ပြီး အမှတ်ပေးဇယားထိပ်ပိုင်းကို ရောက်နေခဲ့ပါတယ်။ ဆီဗီလာတို့ ကပ်နိုင်မယ်။

### အက်သလက်တီကို - ဗီလာရီးယဲလ် ည ၁၁း၀၀ (၂၈-၁၀-၁၇)

အက်သလက်တီကိုဟာ စပိန်လာလီဂါအတွင်းမှာ ခြေစွမ်းကောင်းရှိနေပြီး ခံစစ်နဲ့ကွင်းလယ်ပိုင်းကစားပုံတောင့်တင်းမှုရှိသလို တန်ပြန်တိုက်စစ်ကို ကစားစဉ်မှာလည်း ဂရစ်ဇ်မန်း၊ ဆောလ်နီဂက်ဇ်တို့က အကောင်းဆုံးခြေစွမ်းပုံစံတွေ ပြသနေပါတယ်။ ဗီလာရီးယဲလ်ကတော့ တိုက်စစ်ကစားပုံကောင်းပေမယ့်လည်း ခံစစ်အားနည်းနေပါတယ်။ အက်သက်တီကိုရဲ့ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဒီပွဲမှာလည်း အက်သလက်တီကိုကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဘီဘာအို - ဘာစီလိုနာ နံနက် ၁း၁၅ (၂၉-၁၀-၁၇)

စပိန်လာလီဂါအတွင်း အသင်းကောင်းတွေဆုံတွေ့တဲ့ ပွဲစဉ်ဖြစ်နေတာကြောင့် ပွဲကောင်းတစ်ပွဲဖြစ်လာဦးမှာပါ။ အထူးသဖြင့် ဘီဘာအိုအသင်းဟာ အသင်းငယ်တွေကိုတောင် ရှုံးနိမ့်ထားခဲ့ပေမယ့်လည်း အစောပိုင်းပွဲစဉ်အတွင်း ဆီဗီလာကိုခြေစွမ်းပြသကာ အိမ်ကွင်းမှာ အနိုင်ယူထားခဲ့ပါတယ်။ ဘာစီလိုနာကတော့ ချန်ပီယံဖြစ်ရေး အမှားမခံဘဲ ရလဒ်ကောင်းအောင်ကစားမှာပါ။ ဘီဘာအိုဟာ အသင်းကောင်းတွေနဲ့တွေ့ရင် ခြေစွမ်းကောင်းတတ်လို့ ဘာစီလိုနာ ကပ်နိုင်ဖို့ပဲရှိတယ်။

### ဂီတာဖေး - ဆိုစီဒက် ညနေ ၅း၃၀ (၂၉-၁၀-၁၇)

တန်းတက် ဂီတာဖေးဟာ ခြေစွမ်းမာကျောတဲ့အသင်းဖြစ်တယ်။ ဆိုစီဒက်က တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်ပေမယ့်လည်း ခံစစ်ပိုင်းက အနည်းငယ်အားနည်းမှုတွေ ရှိတတ်ပါတယ်။ ဂီတာဖေးဟာ အစောပိုင်းမှာလည်း ရီးယဲလ်ကိုတောင် ကစားရခက်ခဲစေခဲ့ပါတယ်။ ဒါကြောင့် အဝေးကွင်းမှာ ဆိုစီဒက်အတွက်လည်း ဂီတာဖေးရဲ့တန်ပြန်တိုက်စစ်ကစားဟန်ကြောင့် ခက်ခဲနိုင်ပြီး နှစ်ဂိုးစီလောက်နဲ့ သရေကျသွားနိုင်တဲ့ပွဲပါ။

### ဂျီရိုနာ - ရီးယဲလ်မက်ဒရစ် ည ၉း၄၅ (၂၉-၁၀-၁၇)

တန်းတက်ဂျီရိုနာဟာလည်း ကစားပုံလျင်မြန်မှုရှိပြီး တိုက်စစ်ကစားပုံကောင်းမွန်ပါတယ်။ ရီးယဲလ်မက်ဒရစ်ကတော့ ဒီရာသီမှာ အသင်းငယ်တွေနဲ့ ရင်ဆိုင်ရတဲ့ပွဲစဉ်တွေမှာ နိုင်ပွဲရဖို့ ရုန်းကန်နေရပြီး ဂိုးပြတ်နိုင်ပွဲတွေ ရရှိရေး ခက်ခဲနေခဲ့ရတာက အံ့အားသင့်စရာပါ။ အခုပွဲမှာလည်း အိမ်ရှင်အားနဲ့ ဂျီရိုနာတို့ အမှတ်ခွဲယူနိုင်အောင်ပြင်ဆင်လာမှာ သေချာပါတယ်။ ရီးယဲလ်မက်ဒရစ်ရဲ့ ခံစစ်ပိုင်းက မထင်မှတ်တဲ့ပွဲစဉ်တွေမှာ အားနည်းသလို ဂိုးပေးရတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရနိုင်ပေမယ့်လည်း ရီးယဲလ်ကပ်နိုင်ဖို့သာရှိတယ်။

### အီဘား - လီဗန်တေး နံနက် ၀၀း၀၀ (၃၀-၁၀-၁၇)

အီဘားဟာ ဒီရာသီမှာခြေစွမ်းကျဆင်းနေဆဲဖြစ်ကာ ပြီးခဲ့တဲ့ရာသီက ရရှိခဲ့တဲ့ ခြေစွမ်းမာကျောမှုမျိုးတွေ လက်ရှိမှာပြန်လည်မရရှိသေးပါဘူး။ လီဗန်တေးကတော့ အစောပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းတွေ ပြသခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ခြေစွမ်းအနည်းငယ်ပြန်ကျနေခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီနှစ်သင်းအနက် လီဗန်တေးရဲ့ အသင်းလိုက်ကစားအားက ပိုမိုကောင်းမွန်နေတယ်လို့ဆိုနိုင်ပါလိမ့်မယ်။ အီဘားအိမ်ကွင်းဖြစ်ပေမယ့် လီဗန်တေး နိုင်ပွဲရသွားမှာပါ။

### မာလာဂါ - ဆယ်လ်တာဗီဂို နံနက် ၂း၁၅ (၃၀-၁၀-၁၇)

မာလာဂါတို့ ခြေစွမ်းကျဆင်းနေပေမယ့်လည်း အခုလိုအိမ်ကွင်းပွဲမျိုးမှာတော့ ရလဒ်ကောင်းအောင် စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားမှာပါ။ ဆယ်လ်တာဗီဂိုကတော့ အသင်းကောင်းဖြစ်ပြီး တိုက်စစ်ကောင်းမွန်တဲ့အသင်းဖြစ်တယ်။ ဒါပေမယ့်လည်း ဆယ်လ်တာဟာအဝေးကွင်းပွဲတွေမှာ မထင်မှတ်ဘဲ ခြေစွမ်းကျဆင်းတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ မာလာဂါ သရေလောက် ရယူနိုင်မယ်။

### အက်စပန်ညို - ဘက်တစ် နံနက် ၂း၃၀ (၃၁-၁၀-၁၇)

အက်ပန်ညိုဟာ သာမန်အားဖြင့် ခြေစွမ်းမတည်ငြိမ်တဲ့အသင်းအဖြစ် လက်ရှိရာသီမှာသတ်မှတ်ကြပေမယ့်လည်း ကာတာလန်ကလပ်အက်စပန်ညိုဟာ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းပိုမိုကောင်းမွန်စွာပြသနိုင်တဲ့အချက်ကို သတိပြုရပါမယ်။ ဘက်တစ်ကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းတွေပြသနေပြီး တိုက်စစ်ပိုင်းက ထက်မြက်နေပါတယ်။ အက်စပန်ညို ကပ်နိုင်မယ်။

### လက်စ်ပါးမက် - ဒီပို့တီဗို နံနက် ၂း၃၀ (၃၁-၁၀-၁၇)

လက်စ်ပါးမက်ဟာ ပြီးခဲ့တဲ့ရာသီအတွင်းမှာ ခြေစွမ်းမာကျောခဲ့ပြီး အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုမိုကောင်းမွန်ခဲ့ပေမယ့်လည်း ဒီရာသီမှာတော့ရလဒ်တွေဆိုးရွားနေခဲ့ပါတယ်။ ဒီပို့တီဗိုကလည်း အမှတ်ပေးဇယားအောက်ပိုင်းကို ရောက်ရှိနေပေမယ့် နောက်ပိုင်းမှာတိုက်စစ်ကစားအားကောင်းနေပါတယ်။ လက်စ်ပါးမက်တို့ နောက်ပိုင်းပွဲတွေမှာ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေပေမယ့်လည်း အခုအိမ်ကွင်းပွဲမှာ အမှတ်ရအောင်ကစားမှာပါ။ လက်စ်ပါးမက်အိမ်ကွင်းမှာ အနိမ့်ဆုံးသရေရမယ်။

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၂၅**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဂျပန်ဦးနှောက်ရောင် ဗိုင်းရပ်ပိုးသည် ဝက်များ၊ ရေစပ်နေငှက်များ၏ ခန္ဓာကိုယ်အတွင်း လှည့်ပတ်ကူးစက်ပွားများလေ့ရှိပြီး အဆိုပါ တိရစ္ဆာန်များကို ကိုက်သည့် Culex (ကျူးလက်စ်) အမျိုးအစားခြင်မှတစ်ဆင့် လူတို့ထံ ကူးစက်သောရောဂါဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအတွင်းမှာရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် အနှံ့အပြားမှာ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှုများ နှစ်စဉ်လိုလို တွေ့ရှိနေရကြောင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူများအနက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးပြီး အသက်ရှင်ကျန်ရစ်သူများမှာလည်း ကိုယ်လက်မသန်စွမ်းခြင်း၊ နားလေးခြင်း၊ မကြာခဏတက်ခြင်း၊ စကားမပြောနိုင်တော့ခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပွားကျန်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးများလျှော့ချရန် တစ်ခုတည်းသော နည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်သည်ကို အကြံပြုထားကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် ကယားပြည်နယ်အတွင်း ပထဝီအနေအထားအရ ဝေးလံခက်ခဲသော နေရာများ၊ ရွှေ့လျားနေထိုင်သော လူအုပ်စုများပါမကျန် ကာကွယ်ဆေးရောက်ရှိထိုးနှံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ကလေးတစ်ဦးမှ ကာကွယ်ဆေးထိုးနှံရန် မကျန်ရလေအောင် အမျိုးသားရေးအသွင်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇)နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာလတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်ဖြင့်လည်းကောင်း အသက်ကိုးလမှ (၁၅) နှစ်အတွင်းရှိ ကလေးငယ်များအားလုံးကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



## တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ ကျင်းပသည်။

တုတ်ထောက်ခုန်(ကျား)၊ သံလုံးပစ်(ကျား)/(မ)၊ မီတာ (၃၀၀၀) အပြေး (ကျား)/(မ)၊ မီတာ(၁၁၀)တန်းကျော်ပြေး(ကျား)၊ မီတာ(၁၀၀)တန်းကျော်ပြေး (မ)၊ မီတာ (၄၀၀)အပြေး (ကျား)/(မ)၊ မီတာ(၁၀၀) x ၄ လက်ဆင့်ကမ်း (ကျား)/(မ) ပြိုင်ပွဲများကို ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုရရှိသူများအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ဧရာဝတီမြစ်အတွင်း သုတေသနခရီးစဉ်တွင် ဧရာဝတီလင်းပိုင်သားပေါက် သုံးကောင် တွေ့ရှိ

**မန္တလေး အောက်တိုဘာ ၂၅**

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ပူးပေါင်း၍ အောက်တိုဘာ ၁၀ ရက်က စတင်ခဲ့သည့်ဧရာဝတီမြစ်အတွင်း လင်းပိုင်သုတေသနခရီးစဉ်တွင် လင်းပိုင်သားပေါက် သုံးကောင်ကို တွေ့ရှိခဲ့ကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် လေ့လာရေးတာဝန်ခံ ဦးဟန်ဝင်းက ပြောသည်။

“ခရီးစဉ် အသွား ၁၀ ရက်က တစ်ကောင်တွေ့ပြီး ၁၅ ရက်နဲ့ ၁၆ ရက်မှာ နှစ်ကောင်တွေ့တယ်။ သားပေါက်ဆိုပေမယ့်လောလောဆယ် ပေါက်ထားတာတော့မဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံးလလောက်အတွင်းက ပေါက်ထားတာလို့ ခန့်မှန်းရတယ်။ ခရီးစဉ်မှာ အသေအပျောက်မတွေ့ရဘဲ သားပေါက်တွေ့တယ်ဆိုတော့ တိုးလာဖို့ပဲရှိတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါလင်းပိုင်သားပေါက်များကို မန္တလေးမှ ကျောက်မြောင်း လင်းပိုင်ထိန်းသိမ်းရေး ဧရိယာအတွင်းတစ်ကောင်၊ ထီးချိုင့်အောက်ဘက်တွင် တစ်ကောင်၊ ကသာ အထက်ပိုင်းတွင် တစ်ကောင်တို့တွေ့ရှိခဲ့ပြီး ယခုခရီးစဉ်အတွင်း အောက်တိုဘာ ၂၄ ရက်အထိ မန္တလေးမှ ဗန်းမော်အတွင်း လင်းပိုင်အကောင်ရေ ၅၀ ခန့် တွေ့ရှိခဲ့ကြောင်းသိရသည်။

“လင်းပိုင်တွေက တစ်ကြိမ်သားပေါက်ဖို့အတွက် လေးနှစ်လောက်စောင့်ရတယ်။ ကျွန်တော်တို့ထိန်းသိမ်းရေးဧရိယာအတွင်းမှာ ဒီမနက်ပဲ သုံးလအရွယ်လင်းပိုင်သားပေါက်တစ်ကောင်တွေ့ရှိခဲ့တယ်” ဟု အဆိုပါ ထိန်းသိမ်းရေးဧရိယာအတွင်းရှိ ကျေးရွာခြောက်ရွာ၏ အဖွဲ့ခေါင်းဆောင် ဦးမောင်လေးက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ပူးပေါင်း၍ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကလည်း ဧရာဝတီမြစ်အတွင်း လင်းပိုင်စစ်တမ်းကောက်ယူခဲ့ရာ ဧရာဝတီလင်းပိုင် ၆၉ ကောင်စစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သရုပ်ဆောင် ဖွေးဖွေး ကိုယ်စားပြု Viber စတစ်ကာ ဝန်ဆောင်မှု စတင်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံတွင် လူမှုမီဒီယာ အသုံးပြုသူများအတွက် ရည်ရွယ်ကာ သရုပ်ဆောင်ဖွေးဖွေး၏ စတစ်ကာများကို စာပို့ အက်ပလီကေးရှင်းဖြစ်သည့် Viber မှ မိတ်ဆက်ခဲ့သည်။ ထိုစတစ်ကာသစ်များကို မြန်မာနိုင်ငံမှ အသုံးပြုသူများ စတစ်ကာများ ဖလှယ်ပြီး စကားပြောဆိုဆက်သွယ်ရာတွင် အသုံးဝင်နိုင်စေရန် ဖန်တီးပေးလိုက်ခြင်းဖြစ်သည်ဟုသိရသည်။

“အနုပညာလောကထဲကို ဝင်တာ ၁၀ နှစ်မြောက် အထိမ်းအမှတ်ကို Viber စတစ်ကာအသစ်တွေနဲ့ ဆင်နွှဲလိုက်ရတာ အရမ်းပျော်မိပါတယ်။ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ ဆက်သွယ်တဲ့အခါမှာ Viber က feature တွေ အများကြီးနဲ့ သုံးလို့တော်တော်ကောင်းပါတယ်။ မြန်မာလို စတစ်ကာတွေဆိုရင်လည်း ကိုယ့်စိတ်ထဲက တွေးနေတဲ့အတိုင်း ကွက်တိကျနေတဲ့ စတစ်ကာလေးတွေ ဖြစ်နေတယ်ပြီးတော့ ဖုန်းခဏခဏ ပြောင်းကိုင်တတ်တဲ့ ဖွေးတို့အတွက် ဖုန်းအဟောင်းကနေ ဖုန်းအသစ်ကို message တွေ အလွယ်တကူ ကူးသွားလို့ရတော့ Viber ကို သုံးဖြစ်ပါတယ်” ဟု ဖွေးဖွေးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် Viber သည် နေရာတစ်ခုမှ ပါဝင်နေပြီး မြန်မာနိုင်ငံမှ အသုံးပြုများနှင့် ဆက်နွှယ်မှုများလည်း နှစ်အတန်ကြာခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံမှ အသုံးပြုသူများသည် စတစ်ကာကို ချစ်မြတ်နိုးသူများဖြစ်ပြီး Viber မှလည်း မြန်မာပွဲတော်များ၊ ရုံးပိတ်ရက်များအတွက် စတစ်ကာများ ထုတ်လုပ်ပေးခဲ့ပြီး ယခင်လတွင်လည်း မြန်မာအနုပညာရှင် စိုင်းစိုင်းခမ်းလှိုင်၏ စတစ်ကာများကို မိတ်ဆက်ခဲ့သည်။

“ဖွေးဖွေးလိုအနုပညာရှင်နဲ့ လက်တွဲဆောင်ရွက်ပြီး မြန်မာနိုင်ငံမှာ Viber နဲ့ အနုပညာရှင်တွေ ပူးပေါင်းမှု တိုးတက်လာတာ ဝမ်းသာဖို့ကောင်းပါတယ်” ဟု Viber ၏ အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းဒေသအကြီးအကဲ Mr. Anubhav Nayyar က ပြောကြားသည်။ “မြန်မာနိုင်ငံကိုဝင်ရောက်လာတဲ့ လူမှုမီဒီယာ စာတိုပေးပို့မှုဝန်ဆောင်မှုတစ်ခုဖြစ်တဲ့အလျောက် အသုံးပြုသူတွေ စိတ်ဝင်စားမယ့် အကြောင်းအရာတွေ update တွေကို အစဉ်အမြဲလုပ်ဆောင်ခဲ့ပါတယ်။ ဒီအတွက်ကြောင့်ပဲ ဖွေးဖွေးလို အနုပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာဖြစ်ပြီး အသုံးပြုသူတွေ စိတ်ဝင်စားမှုရှိတဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။”

Viber ၏ အခြားဝန်ဆောင်မှုများအနေဖြင့် သတင်းအေဂျင်စီများ၊ အစိုးရအဖွဲ့အစည်းများအတွက် အများပြည်သူနှင့် ဆိုင်သော Public Account များ ဖန်တီးပေးပြီး Viber ကို အသုံးပြုနိုင်စေရန် စသည့်ဝန်ဆောင်မှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

**ဇာဏီ**



မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၈/၂၀၁၇)မှ သင်တန်းသားများနှင့် ရဲအုပ်ရဲမြင့်၊ ဒုရဲအုပ်အောင်မျိုးဦး၊ ဒု-ရဲအုပ် ယာချမ်းမြေ့အောင်တို့က အောက်တိုဘာ ၂၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တောင်ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ကြစဉ်။ ၁၁၈

## အိန္ဒိယနိုင်ငံ၌ အောက်တိုဘာ ၁၁ ရက်တွင် စတင်မိတ်ဆက်မည့် Nokia 7

လွန်ခဲ့သောရက်ပိုင်းက တရုတ်နိုင်ငံဈေးကွက်အတွင်း စတင်ရောင်းချသည့်နေ့ ပစ္စည်းပြတ်လပ်သွားသည်အထိ အောင်မြင်မှုရရှိခဲ့သော Nokia ၏ စမတ်ဖုန်းသစ် Nokia 7 အမျိုးအစား စမတ်ဖုန်းကို အိန္ဒိယနိုင်ငံတွင်လည်း လာမည့် အောက်တိုဘာ ၁၁ ရက်တွင် စတင်မိတ်ဆက်ပေးတော့မည်ဖြစ်သည်။ တန်ဖိုးသင့်တင့်မျှတပြီး လုပ်ဆောင်ချက် ကောင်းမွန်သော Nokia 7 စမတ်ဖုန်းသစ်သည် တရုတ်နိုင်ငံတွင် လူကြိုက်များ၍ အားပေးမှု အခိုင်အမာရရှိခဲ့ပြီးနောက် အာရှ၏ အကြီးမားဆုံးမိုဘိုင်းဈေးကွက်တစ်ခုတွင် အပါအဝင်ဖြစ်သည့် အိန္ဒိယနိုင်ငံ ဈေးကွက်ကို ထိုးဖောက်ရန် ကြိုးစားနေပြီဖြစ်သည်။

ဖုန်း၏ ကိုယ်ထည်ကျောဘက်ကို ချောမွတ်သည့်မှန်သားအသုံးပြုဖန်တီးထားပြီး ဘေးပေါင်များမှာ အလူမီနီယမ် သတ္တုစပ်ကိုယ်ထည်ဖြင့် တည်ဆောက်ထားသည်။ မျက်နှာပြင် ၅ ဒသမ ၂ လက်မအကျယ်ရှိပြီး Corning Gorilla Glass 3 ဖြင့် ကာကွယ်မှုပေးထားကာ စမတ်ဖုန်းတစ်ခုလုံး၏အထူမှာ ၇ ဒသမ ၉ လက်မသာ ရှိသည်။

Qcta-Core Qualcomm Snapdragon 630 ပရိုဆက်ဆာနှင့် ရုပ်ထွက်ပိုင်းအရည်အသွေး Adreno 508 ပါဝင်ကာ ဖုန်းအတွင်းလည်ပတ်မှု Android 7.1.1 ထည့်သွင်းပေးထားသည်ဟု သိရသည်။ RAM ပါဝင်မှု 4GB နှင့် 6GB ဟူ၍ နှစ်မျိုးရရှိနိုင်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပါဝင်ကာ Micro SD 256 GB အထိ ထပ်မံတိုးမြှင့်တပ်ဆင် အသုံးပြုနိုင်သည်။ ကျောဘက်ကင်မရာ 16 MP ပါဝင်ပြီး အရှေ့ဘက်ကင်မရာ 5 MP ပါဝင်ကာ ဖုန်း၏ ကျောဘက်တွင် လက်ဗွေဖတ်စနစ်ပါဝင်သည်။ 3000 mAh ပမာဏရှိသော ဘက်ထရီပါဝင်ကာ Stand-By အဖြစ်ထားရှိပါက နာရီ ၃၄၀ အချိန်ခန့် ထားနိုင်ပြီး ၁၅ နာရီအကြာ ဖုန်းပြောမှုဆက်တိုက်ပြုလုပ်နိုင်ကာ သီချင်းနားထောင်မည်ဆိုပါက ၈၅ နာရီကြာ ဆက်တိုက် နားထောင်နိုင်မည်ဟု ဆိုသည်။ ရရှိနိုင်သောအရောင်များမှာ Gloss Black နှင့် Matt White ဟူ၍ နှစ်မျိုးရွေးချယ်နိုင်သည်။ မိုဘိုင်းလောကသို့ တစ်ကျော့ပြန်လည်ဝင်ရောက်လာသော Nokia သည် ရိုးရှင်းသည့်ပုံစံဖြင့် ဈေးကွက်အတွင်းအောင်မြင်မှုတစ်ခုရရှိသွားသည်ကို Nokia 7 က သက်သေပြပေးလိုက်ပြီဖြစ်သည်။



ALEX

## မြစိမ်းရောင်စီမံကိန်းအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်

**ကြံခင်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာခုနစ်ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်စီမံကိန်း တာဝန်ခံတို့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကြံခင်းမြို့နယ် ကြံတောကျေးရွာအုပ်စု ကြံတောကျေးရွာ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ၏ စာရင်းထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် အသေးဆုံးအသုံးစရိတ် ငွေစာရင်းဆိုင်ရာအချက်အလက်များအား ကျေးရွာနေပြည်သူများအား ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းမှုကို အနီးကပ်ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**




# ကြေးမုံ စာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သိဒ္ဓိပြည့်စုံ၊ ကံ့လုံ့ကြွယ်ဝ၊ များလှခြံရံ၊ တန်ခိုးလျှံသည့် မေတ္တာပွားပုံနည်းမျိုးစုံ



မေတ္တာသည် ကမ္ဘာမြေကို နတ်ပြည်တမျှ သာယာလှပသောဥယျာဉ်ကဲ့သို့ ဖန်တီးနိုင်ကြောင်း ဓမ္မာစရိယ ဦးအောင်ကျော်မိုး စီစဉ်သည့် သိဒ္ဓိပြည့်စုံ၊ ကံ့လုံ ကြွယ်ဝ၊ များလှခြံရံ၊ တန်ခိုးလျှံသည့် မေတ္တာပွားပုံနည်းမျိုးစုံ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မေတ္တာသည်ကမ္ဘာကြီးကို အေးချမ်းသာယာစေသည်။ ဒေါသမီးလျှံကြောင့်ဖြစ်သော စစ်ဘေးစစ်ဒဏ်ဒုက္ခအပေါင်းကို ငြိမ်းအေးစေပြီး ကမ္ဘာကြီးသည် မေတ္တာလွှမ်းခြုံမှ ပြီးပြည့်စုံမည်ဖြစ်သည်။မည်မျှပင် ချမ်းသာပါစေ၊ ကြွယ်ဝပါစေ၊ ရုပ်ရည်လှပပြီး ကျန်းမာသန်စွမ်းပါစေ မေတ္တာမပါလျှင် ယင်းချမ်းသာ ကြွယ်ဝ ရုပ်အလှတရားတို့သည် အပူဒုက္ခရန်သူများသာ ဖြစ်သည်။ မေတ္တာ၏ အကျိုးကျေးဇူးကြောင့် ရှေးဦးစွာ မိမိကိုယ်တိုင် ချမ်းသာအေးမြမှုကိုခံစားရပြီးနောက် မိမိနှင့်အတူနေထိုင်သူ မိဘ၊ သားသမီး၊ ဆွေမျိုးညီအစ်ကိုမောင်နှမများကိုပါ ချမ်းသာစေကြောင်း ရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇(ပထမထပ်-ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၃၇၇၄၇၃၃နှင့် ၀၉-၂၆၃၈၀၆၆၀၀ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## မကြုံသော်လည်းကြိုက်ပါသည်နှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများ



ဓမ္မစာပေစစ်မှန်လျှင် ထူသည်၊ ပါးသည်၊ ရှည်သည်၊ တိုသည်မှာ ကိစ္စမရှိပါ။ သီလ၊ သမာဓိ၊ ပညာနယ်သို့သာဦးတည်စီးဝင်ရပါကြောင်း ဦးဆန်းလင်း (ဆည်မြောင်း) စီစဉ်သော မကြုံသော်လည်းကြိုက်ပါသည်နှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ဘာသာရေးအတွေးအခေါ် ချွတ်ခြုံကျနေသူများ၊ Free Thinker သမားများ၊ တစ်ယူသန်စွဲ၍ တစ်လွဲသန်နေသူများ၊ ဥရောပဟန်တို့ဖြင့် သဗ္ဗညုတဉာဏ်ကိုအားစမ်းချင်သူများကို ကိုယ်ရှိန်သတ်ပေးထားသည့်အပြင် မိမိလျှောက်ရမည့်လမ်းနှင့် ရောက်ရမည့်ခရီးကိုပါ ဖြည့်စွက်ဖော်ပြထားသည်။ ဗုဒ္ဓ၏ဦးဆောင်မှုကိုခံယူမည့်သူတိုင်း၊ ဗုဒ္ဓ၏သာသနာတော်သို့ ဦးခေါင်းငုပ်လျှိုးဝင်ရောက်မည့်သူတိုင်း၊ ဗုဒ္ဓလမ်းစဉ်ဖြင့်အမတနယ်မြေသို့ ဦးတည်ချီတက်မည့်သူတိုင်းလေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရွှေရည်ဦးစာပေ၊ အမှတ်-၃၈၃၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၀၇၀၁၅၇နှင့် ၀၉ ၄၂၀၀၁၂၅၃၆တို့မှ တန်ဖိုးငွေကျပ်၃၀၀၀ဖြင့် ဖြန့်ချိသည်။

## လက်တွေ့အသုံးချလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာ



အလုပ်ရှင်နှင့် အလုပ်သမားကြား ဆက်နွယ်ဆောင်ရွက်မှုကောင်းမွန်စေရန် ပြည့်စုံစွာ ပေါင်းစည်းမှုနှင့် စီစဉ်ဆုံးဖြတ်ဆောင်ရွက်မှုများပင်ဖြစ်ကြောင်း ဦးဖြိုးကြွယ်မြင့် စီစဉ်သော လက်တွေ့အသုံးချလူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာစာအုပ်ထွက်ရှိလာသည်။

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာကို လေ့လာလိုက်စားသူများ၊ စိတ်ဝင်စားသူများတစ်စတစ်စများပြားလာသည်။ ထိုသို့ဖြစ်ပေါ်လာရခြင်းသည် လုပ်ငန်းခွင်တွင်လိုအပ်လာမှု၊ လူသားတို့အပေါ် အလေးထားလာမှုများကြောင့်ဖြစ်သည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၊ စီမံခန့်ခွဲမှုအခြေခံသဘောတရား၊ HR စီမံကိန်းရေးဆွဲခြင်း၊ အလုပ်လေ့လာဆန်းစစ်ခြင်းနှင့် အလုပ်လိုအပ်ချက်၊ ရှာဖွေရွေးချယ်ခန့်ထားခြင်း၊ သင်တန်းနှင့် တိုးတက်မှုအစီအစဉ်၊ လုပ်ဆောင်ချက်အကဲဖြတ်ခြင်းနှင့် သုံးသပ်ချက်၊ လုပ်ခလစာနှင့် ဆုချီးမြှင့်ခြင်း၊ SMEအတွက် HR စသည့် အကြောင်းအရာများကို ပြည့်ပြည့်စုံစုံဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၃၇၇၄၇၃၃နှင့် ၀၉ ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ထိရောက်မြန်ဆန်သော ဆက်သွယ်မှု အင်္ဂလိပ်စကားပြော



ကမ္ဘာ့နိုင်ငံအသီးသီးတွင်အသုံးပြုနေသော အင်္ဂလိပ်စကားပြောခြင်းကို ယနေ့ခေတ်လူငယ်များ ပိုမိုသွက်လက်မှန်ကန်စွာ ပြောဆိုသုံးနှုန်းတတ်စေရန် နေမင်းရာဇာအယ်ဒီတာအဖွဲ့ကစီစဉ်သော ထိရောက်မြန်ဆန်သောဆက်သွယ်မှု အင်္ဂလိပ်စကားပြောစာအုပ် ထွက်ရှိလာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပွင့်လင်းလာသည်နှင့်အမျှ ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှု၊ ကမ္ဘာ့ပေါင်းကူးဆက်သွယ်မှုတို့သည် တစ်စတစ်စတိုးတက်လာသဖြင့် နိုင်ငံတကာမှဧည့်သည်များလာရောက်ကြရာ ယင်းတို့နှင့် ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် ကမ္ဘာသုံးဘာသာစကားသည် အလွန်အရေးပါလာသည်။ ထိုကမ္ဘာသုံးစကားများထဲမှ မြန်မာလူငယ်များနှင့် ရင်းနှီးကျွမ်းဝင်မှုအရှိဆုံးဖြစ်သော အင်္ဂလိပ်ဘာသာစကားကိုကျွမ်းကျင်တတ်မြောက်စွာပြောဆိုနိုင်စေရန် မျိုးဆက်သစ်လူငယ်များ မဖြစ်မနေလေ့လာထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၃၇၇၄၇၃၃ နှင့် ၀၉-၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ခံစားချက်မှတ်တိုင်များ



လူသားတိုင်းသည် ကိုယ်တိုင်ခံစားချက်များ ကိုယ်စီကိုယ်စီရှိကြရာ ထိုခံစားချက်များကိုစာရှုသူများလေ့လာနိုင်စေရန် စာရေးသူ စောမဥ္ဇူ(ဖျာပုံ) စီစဉ်ထားသည့် ခံစားချက်မှတ်တိုင်များ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အစ်ကို၏ဇနီးသည်က ယောက္ခမကိုပင် မိခင်ပမာမေတ္တာ၊ စေတနာကြီးမားစွာ စားဖွယ်သောက်စရာများကိုဝယ်ယူကာ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၊ယောက်မဖြစ်သော်လည်းအစ်မနှင့်မခြား ခင်ပွန်းဖြစ်သူ၏ ညီမအပေါ် ထားရှိသောမေတ္တာ၊ စေတနာကား ညီမအရင်းအချာပမာ ချစ်ခင်ကြင်နာစွာ ပြုမူဆက်ဆံပုံများကိုရေးဖွဲ့ထားသည်။ ပုလဲသွယ်၊ ဘဝပေးအသိမညီးသောအလှ၊ ကြိုးတန်းပေါ်မှာ၊ အလှဟူသည်၊ ဟဲ့ဆိုတာကြိမ်တံမြောက်ရုံနှင့် လှည့်လိုရာတိမ်ယံရောက်နိုင်ရဲ စသည်ဖြင့်အကြောင်းအရာများကို ခေါင်းစဉ်ပေါင်း ၅၀ နီးပါးဖြင့်ဖော်ပြထားသည်။

စာအုပ်ကို နဝဒေးစာပေမှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။

## အလွမ်းတွေကိုမျှောဖို့ မျက်ရည်တွေလည်းမရှိတော့ပြီ



လူ့ဘဝတွင် လူသားတိုင်းသည် လိုချင်တောင့်တမှုများရှိကြသည်ကို စာရေးဆရာမင်းကျော်ဝင်းရေးသားစီစဉ်သော အလွမ်းတွေကိုမျှောဖို့ မျက်ရည်တွေလည်းမရှိတော့ပြီ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မိမိအလိုရှိကြသည်ကိုမိမိကိုယ်တိုင်ဖန်တီးရယူကြသည်။ ထိုသို့ပြုလုပ်ရာတွင် အများစုက လိုချင်တာတွေလည်းမရ မလိုချင်တာတွေလည်းရတတ်သည်။ လုပ်ချင်တာတွေလည်းမလုပ်ရ မလုပ်ချင်တာတွေလည်းလုပ်နေကြရသည်။ဖြစ်ချင်တာတွေလည်းမဖြစ် မဖြစ်ချင်တာတွေလည်းဖြစ်ရတတ်သည်။ ပျော်ရွှင်စရာ ကြည်နူးစရာတွေပင်ဖြစ်လင့်ကစား နောက်ဆုံးမှာတော့ ဝမ်းနည်းကြေကွဲမှုဖြင့် အဆုံးသတ်ကြရတာချည်းသာဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို သိမ့်ထိုက်စာပေ၊ အမှတ်-၂၃၁၊ ဒုတိယထပ်၊ ၃၂-လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၅၀၅၉၂၁၄နှင့် ၀၉-၂၅၀၆၄၈၃၆၂တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကွမ်းခြံကုန်းမြို့နယ်အတွင်း 11 KVနှင့် 400 V ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်

**ကွမ်းခြံကုန်း အောက်တိုဘာ ၂၅**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးညွန့်ဝင်း ဦးဆောင်သောအဖွဲ့က ကွမ်းခြံကုန်းမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ 11 KV ဟောင်းနွမ်းဆွေးမြည့်သံတိုင် ၆၄ တိုင်အား 10M ကွန်ကရစ်ကျောက်တိုင်များဖြင့် လဲလှယ်ခြင်း၊ 11KV လိုင်း ACSR 95 mm[2] နှင့် ACSR 70mm[2] ကြိုးဆိုဒ်ရှိ အခန်း ၆၄ ခန်း၊ ပေ ၈၃၂၀ အား 11 KV SAC 120 mm[2] ဖြင့် လဲလှယ်ခြင်း၊ 400V ဓာတ်အားလိုင်းရှိ HDBC No.4,6,8 ကြိုး ၆၄ ခန်းအား 0.4KV ABC 95mm[2] ဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို အောက်တိုဘာလအတွင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဃံကျ(မြစ်ကြီးနား)**

## ညောင်လေးပင်မြို့၌ တိုင်းရင်းသားတို့၏စာပေနှင့် ရိုးရာအမွေအနှစ်ပြပွဲ အခမ်းအနား ကျင်းပ

**ပဲခူး အောက်တိုဘာ ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ပူးပေါင်းပြီး အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ညောင်လေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမ၌ တိုင်းရင်းသားတို့၏ စာပေနှင့်ရိုးရာအမွေအနှစ်ပြခန်းများ ပြပွဲအခမ်းအနားကျင်းပသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်က တိုင်းရင်းသားတို့၏စာပေနှင့် ရိုးရာအမွေအနှစ်ပြပွဲပြခန်းများ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲအား ဒေသတွင်းရှိရိုးရာယဉ်ကျေးမှုစာပေနှင့်ပစ္စည်းများ၊ ဒေသထွက်ပစ္စည်းများစုဆောင်းပြီး ပြတိုက်ငယ်(Museum)တွင် ပြသပေးခြင်းဖြင့် လာရောက်ကြည့်ရှုသူကလေး၊ လူငယ်များအားပြသထားသည့်ပစ္စည်းများနှင့်ပတ်သက်၍ ရိုးရာယဉ်ကျေးမှုနှင့်ဓလေ့ကိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## လူထုဗဟိုပြုစီမံကိန်းပညာပေးပြခန်း ဖွင့်လှစ်ပြသ

**ကျောက်တန်း အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို အများပြည်သူများ ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ လူထုဗဟိုပြုစီမံကိန်းပညာပေးပြခန်းကို ကျောက်တန်းမြို့နယ် တံတားမြို့ အောင်သီရိဈေးတွင် လူထုဗဟိုပြုစီမံကိန်းဌာန နည်းပညာပေးအဖွဲ့မှ ဒေါ်မြင့်မြင့်ရွှေ (Social accountability and gender specialist) ဦးဆောင်၍ လူထုဗဟိုပြုစီမံကိန်းဌာနမှ နည်းပညာပေးအရာရှိ ဦးလှဝင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်ချိုဇင်လတ်တို့က ပူးပေါင်းဖွင့်လှစ်ပြသခဲ့ပြီး လာရောက်ကြည့်ရှုလေ့လာသူများကို မိုးကာ၊ တီရှပ်၊ ဦးထုပ်နှင့် ဘောပင်များ မဲဖောက်ပေးခဲ့ကြသည်။

ပြခန်းဖွင့်ပွဲသို့ တံတားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# သမီးလေးမွေးဖွားကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ ရိန်း



တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ လက်တလောမှာတော့ သူတို့ရဲ့ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေးကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုသမီးလေးမွေးဖွားကြောင်းကို ရိန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပြီး သမီးလေးရဲ့ဓာတ်ပုံကိုတော့ ထုတ်ဖော်ပြသခဲ့ခြင်းမရှိဘဲ မိန်းကလေးဝတ်ခြေအိတ်လေးတစ်စုံရဲ့ ဓာတ်ပုံနဲ့အတူ စာသားအချို့ကိုသာ ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၅ ရက်မှာ ရိန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သမီးလေးမွေးဖွားခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ရိန်းက "သူဟာ လှပတဲ့မင်းသမီးလေးတစ်ပါးပါပဲ။ ကျွန်တော်တို့အနေနဲ့ သူ့ကို ကမ္ဘာကြီးကို ကူညီစောင်မသွားမယ့် သူတစ်ဦးဖြစ်လာအောင် ပြုစုပျိုးထောင်သွားမှာပါ"လို့ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ရိန်းနဲ့ ကမ်တေဟီးတို့ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း လက်ထပ်ခဲ့ကြတာဖြစ်ပြီး မေလအတွင်းမှာ ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးကို ပြီးခဲ့တဲ့လအတွင်းက ရောမကို အလည်အပတ်ထွက်ခဲ့တာကိုတွေ့ရပြီး လတ်တလောမှာတော့ သမီးလေးရဲ့မျက်နှာမြင်ခဲ့ရတာဖြစ်ပါတယ်။

# ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ် သူငယ်ချင်းတွေအဖြစ် ပြန်လည်တွေ့ဆုံခဲ့ခြင်းဖြစ်



